

# ဟားပွဲ-ဟားတပေါ

## လက်တွေ့အစီအရင်ကျမ်း

ပထမတွဲ

သရာညို

# မာတိကာ

## ညောင်ရမ်းမင်းတရားကြီးနှင့် ဗားမဲ့ဆရာတော်၏ ဝိဇ္ဇာယာန ပညာ အစီအရင်များ


| | | |
|---|---|---|
| ခေတ်ပြိုင် ဗား ၄—ဗား | .... | ၁ |
| ဗားမဲ့ဆရာတော် | .... | ၂ |
| နတ်မိကျောင်း | .... | ၃ |
| ဗားမဲ့နှင့် ညောင်ရမ်း | .... | ၃ |
| ညောင်ရမ်းခေတ် | .... | ၄ |
| ညောင်ရမ်းမင်းတရား၏ ဖအောင်မြင်မှုများ | .... | ၅ |
| ဆရာတော် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း | .... | ၆ |


## ဝိဇ္ဇာယာန လောကီပညာ သုတေသီများအား မှာထားချက်


| | | |
|---|---|---|
| နက်နဲမှု—ဆန်းကြယ်မှု | .... | ၇ |
| ဘာ့ကြောင့် သိပ္ပံပညာပေတံဖြင့် တိုင်းတွာ၍ မမီရသနည်း | .... | ၇ |

# မာတိကာ


အဖြေမှန်ကို ဆွဲထုတ်ကြည့်ရအောင် .... ၈

ကျမ်းဆရာ၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခု .... ၈

'မိုင်နာပါ'—တဲ့ .... ၁၁

ဆရာနည်းကျဖို့ လိုခြင်း .... ၁၁

ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် .... ၁၂


## ရှေးဦးအစီအရင်ကဏ္ဍ


ပွဲတင် ပသရာ၌ ရွတ်ရမည့်မန္တန် .... ၁၃

ကညစ်ကို စုတ်ရန် စမ မန္တန် .... ၁၄

အင်း စီရင်နည်းပညာ .... ၁၅

စတုရန်းအင်းပေါင်အတွက်
အဟိန်းမန္တန် .... ၁၅

တောင်နှင့်မြောက် အင်းပေါင်အတွက်
အဟိန်းမန္တန် .... ၁၅

အရှေ့နှင့် အနောက် အင်းပေါင်အတွက်
အဟိန်းမန္တန် .... ၁၆

အင်းပေါင် အစွန်းထွက်လျှင် ပြင်ဆင်ရန်
အဟိန်းမန္တန် .... ၁၆

အင်းကြီးအတွင်း၌ အင်းငယ်ကို ပြင်ဆင်ရန်
အဟိန်းမန္တန် .... ၁၇

အင်းဆန် ဂဏန်းများ၏ နှမ်းပုံသဏ္ဌာန် .... ၁၇

မူဟောင်း, မူမှန် ရေးနည်း .... ၁၈
အင်းဆန်ဂဏန်း ရေးသွင်းနည်း .... ၁၉
အင်းဆန် ဂဏန်း အဟိန်းမန္တန် .... ၁၉
တစ်နည်း, အင်းဆန်ဂဏန်း
အဟိန်းမန္တန် .... ၂၀
အင်းဆန်အကျရာ အဟိန်းမန္တန် .... ၂၀
အင်း, လက်ဖွဲ့ စသည်တို့ အောင်မြင်စေရန်
ဂါထာမန္တန် .... ၂၀
အင်း, လက်ဖွဲ့ စသည်တို့ကို စီရင်ပြီးနောက်
ရွတ်ဆိုရန် ဂါထာမန္တန် .... ၂၂
သိဒ္ဓိတင်ရန် ဂါထာမန္တန် .... ၂၃
နတ်အပ်ရန် ဂါထာမန္တန် .... ၂၃
နေမင်းကိုကြည့်၍ နှိုးရန် ဂါထာမန္တန် .... ၂၄
လမင်းကိုကြည့်၍ နှိုးရန် ဂါထာမန္တန် .... ၂၄
သဗ္ဗရက္ခာ အနှိုးမန္တန် .... ၂၅

## အင်းနှင့်ဒိပ် အစီအရင် ကဏ္ဍ

ထိပေါက်စေနိုင်သော လာဘသိဒ္ဓိ
ရှင်သိဝလိဒိပ် အစီအရင် .... ၂၇
ပီယသိဒ္ဓိ သိမ်းခွက်အင်း အစီအရင် .... ၃၀
ဥစ္စာပျောက် မီးထွန်းအင်း အစီအရင် .... ၃၃

လူကို မြင်မြင်ချင်း ချစ်ခင်မြတ်နိုးရုံသာ
မက တောတွင်း တိရစ္ဆာန်များပင်
ယဉ်ပါးခင်မင် မေတ္တာသက်ဝင်
စေနိုင်သော ပီယသျှိ ဒီပံ
အစီအရင် .... ၃၇
ဓား, လှံ, သေနတ်ကျည်ဆန်လွဲသော
အန္တရာယ်ကင်း ဒီပံ အစီအရင် .... ၄၁

**လက်စွပ်-ခေါင်းစွပ်-လက်ဖွဲ့
အစီအရင်ကဏ္ဍ**

မြန်မာဘုရင် အဆက်ဆက်က
မင်းသားကြီးများ၊ စစ်သူကြီးများ
အမြဲ လက်သုံးပြုသော ခေါင်းစွပ် နှ
လက်ဖွဲ့ အစီအရင် .... ၄၄
ကျားမျက်ကွင်းလက်စွပ် အစီအရင် .... ၄၅
ကြွချိုလက်စွပ် အစီအရင် .... ၄၇
ကိုယ်ပျောက်နှင့် အိပ်မွေ့ချ ကူးတို့ခ
လက်ဖွဲ့ အစီအရင် .... ၄၈
သေနတ်မြီး လက်ဖွဲ့ အစီအရင် .... ၄၉
ပီယသျှိလက်စွပ် အစီအရင် .... ၅၀
ပီယသျှိ—ပီယသိဒ္ဓိ ဖောင်စီးလက်ဖွဲ့
အစီအရင် .... ၅[illegible]

သေနတ် မီးမကူးသော နဖယ်နပင်းပိတ်
လက်ဖွဲ့အစီအရင် .... ၅၃
နှုတ်ငုံ ပီယသိဒ္ဓိ စမလက်ဖွဲ့ အစီအရင် .... ၅၄

## ဆေးနှင့် ဆေးပင်အစီအရင် ကဏ္ဍ

အမိနှင့် နှမကိုပင် မကြည့်ရသော အမြင်
အကြားရသည့် သျှိုသိုးပါးဆေး .... ၅၆
သမ္ဗာရဏ ပီယဆေး အစီအရင် .... ၅၉
ဣစ္ဆာသယဆေး အစီအရင် .... ၆၀
ပဉ္စလက်ဆေးကြီး အစီအရင် .... ၆၂

ဒေါင်းဂမုန်း (ဖို မ) အစီအရင် .... ၆၅
ဒေါင်းဂမုန်း အဖို စိုက်ပျိုးနည်း
အစီအရင် .... ၆၇
ဒေါင်းဂမုန်း အမ စိုက်ပျိုးနည်း
အစီအရင် .... ၇၁

မောရဒေဝီ ဒေါင်းမကလေးဂမုန်း
စိုက်ပျိုးနည်း အစီအရင် .... ၇၈
ပီယလိမ်းဆေး အစီအရင် .... ၈၂
နာနာရုပ်ဆေး အစီအရင် .... ၈၃

ပီယ မျက်ကွင်းဆေး အစီအရင် .... ၈၅

ဘေးဥပဒ်အန္တရာယ် ပျောက်ကင်းစေနိုင်
သော ဒေါင်းလျှော်ဆေး အစီအရင် .... ၈၆

မိန်းမလာစေရန် ပီယဆေး အစီအရင် .... ၈၇
ကုန်တိုက်ဆေး အစီအရင် .... ၈၈

ပီယသျှို မှန်ကူလိမ်းဆေး အစီအရင် .... ၈၉
သျှိုသုံးပါး မှန်ကူဆေး အစီအရင် .... ၉၂
ပီယာဝပ်ဆေး အစီအရင် .... ၉၃

သားသမီး အဖတ်တင်စေနိုင်သော
ဆင်စွယ်ဂမုန်း အစီအရင် .... ၉၅

သျှိုသုံးပါးနှင့် အန္တရာယ်ကင်း
မဟာသုမင်္ဂလာဆေး အစီအရင် .... ၉၈

သားဆိုး သမီးဆိုးများကို သားကောင်း
သမီးကောင်း ဖြစ်လာစေနိုင်သော
ရှင်ဘူငယ်ဝါ အစီအရင် .... ၁၀၆

**ရှပ်တုနှင့် ဂဝံ အစီအရင် ကဏ္ဍ**

ရှင်သီဝလိ အစီအရင် .... ၁၀၀
ရှင်သီဝလိ သုတ်တော်နှင့်
ဂါထာတော်များ .... ၁၁၃

ကိုယ်ပျောက် ဂဝံ အစီအရင် .... ၁၁၄
နန္ဒင်းဥ ဂဝံ အစီအရင် .... ၁၁၆
ဆေးရိုး ဂဝံ အစီအရင် .... ၁၁၇

## ဂါထာမန္တန် အစီအရင် ကဏ္ဍ

ညောင်ရမ်းမင်းတရားကြီးအား မင်းအဖြစ်
ရောက်အောင် ပို့ဆောင်ပေးခဲ့သော
အောင်ခြင်းရှစ်ပါး အချုပ်မန္တန် .... ၁၁၉
ကွယ်လွန်သွားသူနှင့် တွေ့မြင် စကား
ပြောနိုင်သော သိမန်းဂါထာ
အစီအရင် .... ၁၂၇
လက်ညှိုးထိုး ပီယဂါထာ မန္တန် .... ၁၂၈
ပီယ ဆေးလိပ်မန်း အစီအရင် .... ၁၂၉
သပ္ပဲသျှိ ကွမ်းယာမန်း ဂါထာမန္တန် .... ၁၃၀
ခွေးမဟောင်နိုင်သော ဂါထာမန္တန် .... ၁၃၁
ဣဋ္ဌိသျှိ အိမ်တက် ဂါထာမန္တန် .... ၁၃၃
အပင်းကျ ရေမန်း ဆီမန်း ဂါထာ .... ၁၃၄

....၀....

# ညောင်ရမ်းမင်းတရားကြီး—နှင့်

# ဗားမဲ့ဆရာတော်၏

# ဝိဋ္ဌာယာန

## ဗညာ အစီအရင်များ

**ခေတ်ပြိုင် ဗား ၄-ဗား**

မြန်မာသက္ကရာဇ် ၇၀၀ ကျော် ၉၀၀ ပတ်ဝန်းကျင် အချိန်က မြန်မာနိုင်ငံ၌ 'ဗား ၄ ဗား' အမည်ဖြင့် ဆရာတော် ၄ ပါးခေတ်ပြိုင်ထင်ရှားပေါ်ထွန်းခဲ့ဖူးသည်။ ယင်းတို့မှာ....

၁။ ဗားမဲ့ဆရာတော်
၂။ ဗားမြိုက်ဆရာတော်
၃။ ဗားတမွတ်ဆရာတော်
၄။ ဗားတမော့ဆရာတော်

တို့ ဖြစ်ကြသည်။ ယင်း ၄ ပါးတွင် ဗားမဲ့ဆရာတော် အကြောင်းလောက်ကိုသာ တစ်စွန်းတစ်စ ဖော်ထုတ်ခဲ့ကြသော်လည်း အခြား ဗား ၃ ပါးဆရာတော်များအကြောင်းကိုမူ ဖော်ထုတ်မှု မရှိခဲ့ကြပေ။

ထို့ကြောင့် ကျွန်ုပ်တို့သည် ယင်း ဗား ၄ ဗား ဆရာတော်များ၏ တိမ်မြုပ် ပျောက်ကွယ်လုမတတ် ဖြစ်နေသော အကြောင်းများကို မြန်မာ့ရိုးရာ ဝိဇ္ဇာယာန လောကီပညာများအဖြစ်ဖြင့် အလျဉ်းသင့်သလို ဖော်ထုတ်သွားမည် ဖြစ်သည်။

**ဗားမဲ့ဆရာတော်**

ယင်း ဗား ၄ ဗားတွင် တစ်ပါး အပါအဝင်ဖြစ်သော ဗားမဲ့ဆရာတော်ကို သက္ကရာဇ် ဂဂ၄ ခုနှစ်တွင် ရာမညတိုင်း၌ ဖွားမြင်တော်မူခဲ့သည်။

ရှေးဘဝက အထုံပညာပါရမီရင့်သန်တော်မူသည့်အတိုင်း ဗားမဲ့ဆရာတော်သည် ဝိဇ္ဇာယာန လောကီ ပညာရပ်များကို အထူးဝါသနာထုံခဲ့သည်။ လေ့လာသည်း လေ့လာတော်မူခဲ့သည်။

ယင်းသို့လေ့လာနေရာမှ ဟံသာဝတီငါးဆူဒါယကာမင်း လက်ထက်တွင်ဆရာတော်၏ ဘုန်းကံအလျောက်ကြေးပုရပိုက် တစ်ဆူကို လက်ခံရရှိတော်မူလာပြန်သည်။ ယင်းပုရပိုက်တွင် တန္တရယာန—မန္တရယာန—ဝိဇ္ဇာယာန လောကီပညာ ဖြစ်သော အင်း, အိုင်, ခလဲ့, လက်ဖွဲ့, မန္တန်, ယတြာ, ဓာတ်ရိုက်, ဓာတ်ဆင် စသည့် အစီအရင်အတတ်ပညာများပါရှိရာ ယင်းပညာများကို လေ့လာနေသောဗားမဲ့ဆရာတော်အဖို့လောကီပညာ အစီအရင်များ၌ ထူးထူးချွန်ချွန် တစ်ဖက်ကမ်းခတ်

ကျွမ်းကျင်တတ်မြောက်တော်မူလာအောင် တွန်းဆောင် ပို့ပေးလိုက်သလို ဖြစ်တော်မူခဲ့ရသည်။

## နတ်မိကျောင်း

ယင်း ကြေးပုရပိုက်ကို ဟံသာဝတီမြစ်အတွင်းမှ နတ်မိကျောင်းက ကိုက်ချီ၍ ဗားမဲ့ဆရာတော်အား ဆက်ကပ်သည်ဟုလည်း ဆရာစဉ်ဆက် အမှတ်အသား ရှိသည်။

မည်သို့ပင်ဖြစ်စေ ယင်းပုရပိုက်၌ ပါရှိသော ဝိဇ္ဇာယာနလောကီအတတ်ပညာ အစီအရင်များမှာ အဆင့်အတန်း မြင့်မြင့်နှင့် စွမ်းအင်သတ္တိ အပြည့်အဝရှိကြောင်း သံသယရှိစရာမလိုပေ၊ အဘယ်ကြောင့်ဆိုသော် ဗားမဲ့ဆရာတော် လက်တွေ့များ၏ စွမ်းအင်သတ္တိ ထူးခြားမှုများက သာဓကမူနေသောကြောင့် ဖြစ်သည်။

## ဗားမဲ့နှင့် ညောင်ရမ်း

သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ဟံသာဝတီ ငါးဆူဒါယကာမင်းက ဗားမဲ့ဆရာတော်အား အလိုမကျသဖြင့် ညောင်ရမ်းမြို့သို့ အပို့ခံရသည်။

ညောင်ရမ်းမြို့၌ သီတင်းသုံးနေတော်မူသောအခါ ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်(ခေါ်) မောင်သစ္စာက ဆရာတော်အား ဆည်းကပ်ကိုးကွယ်ခဲ့သည်။

ယင်းသို့ ကိုးကွယ်ခွင့်ရလိုက်ခြင်းမှာ မောင်သစ္စာ၏ ဘဝ နောင်ရေးအတွက် ကံကောင်းသည်ဟုပင် ဆိုရမည်။

ထိုမျှသာမကသေး မြန်မာနိုင်ငံ သမိုင်း၌လည်း ညောင် ရမ်းခေတ်၏ သမိုင်းစာမျက်နှာသစ်များကို ရေးသားနိုင်ခဲ့ သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း ကံကောင်းသည် ဟုပင် ဆိုရမည်။

မင်းသားမောင်သစ္စာမှာ ဘုရင့်နောင်(ခေါ်)ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်အငယ် ဖြစ်သည်။

## ညောင်ရမ်းခေတ်

ဗားမဲ့ဆရာတော်သည် မင်းသား မောင်သစ္စာအား လော ကီပညာ မန္တန်များ အစီအရင်များကို သင်ကြားပေးတော်မူ သည်၊ ယင်းမန္တန်များအနက် 'အောင်ခြင်းရှစ်ပါး အချုပ် မန္တန်' ၂ ဂါထာလည်း ပါဝင်သည်။

ဆရာတော် သင်ကြား စီရင် ပေးသနားတော် မူသော ယင်းမန္တန် ၂ ဂါထာကို မောင်သစ္စာသည် နေ့စဉ် ယုံယုံကြည် ကြည် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရာမှ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိကာ အင်းဝပြည်ကြီးကိုလည်း အသစ် တဖန် ပြန်လည် တည်ဆောက်တော် မူနိုင်ခဲ့သည်။

'ညောင်ရမ်း မင်းတရားကြီး'ဟူသော အမည်ဖြင့်လည်း မြန်မာနိုင်ငံ့သမိုင်း၌ ထင်ရှားခဲ့သည်။

ယင်း 'အောင်ခြင်းရှစ်ပါး အချုပ်မန္တာန်' ၂ ဂါထာကို ဤကျမ်းတွင် ဂါထာမန္တာန် က ဏ္ဍ၌ ဖော်ပြထားသည်။

**ညောင်ရမ်းမင်းတရား၏**
**အောင်မြင်မှုများ**

ညောင်ရမ်း မင်းတရားကြီးကား ဒုတိယ အင်းဝခေတ် ခေါ် ညောင်ရမ်းခေတ် ညောင်ရမ်းဆက်ကို စတင် တည် ထောင်သော မင်းဖြစ်သည်။

ညောင်ရမ်းခေတ် ညောင်ရမ်းဆက် စတင် တည်ထောင် ရုံသာ မကသေး၊ မြန်မာနိုင်ငံသမိုင်း၌ အောင်မြင် ကျော် ကြားသော မင်းတစ်ပါး အဖြစ်ဖြင့်လည်း သမိုင်းမှာ စာတင်ခံရသူ၊ ကမ္ပည်းထိုး ခံရသူလည်း ဖြစ်သည်။

ကမ္ပည်းထိုး ခံရလောက်အောင်လည်း ညောင်ရမ်းမင်း တရား၏ စစ်ရေး, နိုင်ငံရေး, စီးပွားရေး, လူမှုရေး လုပ် ဆောင်ချက်မှန်သမျှမှာ အောင်မြင်သည်ကသာ များခဲ့သည်။

ယင်းကဲ့သို့ အောင်မြင်မှု ရခြင်းမှာ ညောင်ရမ်းမင်း တရားကြီး၏ နောက်ကွယ်မှ ဗားမဲ့ ဆရာတော်၏ ဝိဇ္ဇာယာန လောကီ အစီအရင်များကြောင့် ဖြစ်သည်ဟု ဆရာစဉ်ဆက် အမှတ်အသား ရှိခဲ့ကြသည်။

**ဆရာတော် စုတိကမ္ဗဇရုပ်**
**ချုပ်ငြိမ်းတော်မူခြင်း**

သက္ကရာဇ် ၉၆၇—ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီး နတ်ရွာစံတော်မူသော အခါ၌ သားတော်အနောက်ဘက်လွန် မင်းတရားက ဗားမဲ့ ဆရာတော်ဘုရားကြီးအား ဆက်လက် ကိုးကွယ်တော်မူခဲ့သည်။

ဗားမဲ့ ဆရာတော်သည် သက္ကရာဇ် ၉၇၂—ခုနှစ်တွင် အင်းဝနေပြည်တော်၌ စုတိကမ္ဗဇရုပ်ချုပ်ငြိမ်းတော်မူခဲ့သည်။

ဤကျမ်း၌ ဗားမဲ့ဆရာတော်၏ အစီအရင်များအပြင် ဗားတမေ့ ဆရာတော်၏ အစီအရင်များကိုပါ ဖော်ထုတ် ထားသည်ကို လေ့လာကြရမည် ဖြစ်သည်။

နောင်လည်း အလျဉ်းသင့်သလို အခြေအနေအရ ဖော် ထုတ်သွားမည် ဖြစ်ပါသည်။

ကျမ်းပြုဆရာ

ဆရာညို

၆ ၁ - ၄၇

ဝိဇ္ဇာယာန

## လောကီပညာသုတေသီများအား

# အထူးမှာထားချက်

### နက်နဲမှု ဆန်းကြယ်မှု

ဝိဇ္ဇာယာန လောကီပညာရပ်များမှာ နက်နဲသည်၊ ခက်ခဲသည်၊ ဆန်းကြယ်သည်၊ သိမ်မွေ့သည်၊ အဘယ်မျှလောက် နက်နဲသနည်းဆိုလျှင် ယခုခေတ်သိပ္ပံ ပညာပေတံဖြင့် တိုင်းထွာကြည့်၍ မမီနိုင်အောင် နက်နဲ ဆန်းကြယ်လှသည်။

နက်နဲဆန်းကြယ်သလောက်လည်း ထက်မြက်သည်၊ စူးရှသည်၊ ထိရောက်မှုလည်း ရှိသည်။

### ဘာကြောင့် သိပ္ပံပေတံဖြင့် တိုင်းထွာ၍ မမီရသနည်း

သို့ဖြစ်ရာ ၌ ဝိဇ္ဇာယာန လောကီပညာရပ်များကို သိပ္ပံ ပညာ ပေတံဖြင့် တိုင်းထွာလျှင် မီချင်မှ မီမည်။ တိုင်းထွာ၍ မီတိုင်း ယုံကြည်နိုင်လျှင်တော့ ယင်းသို့ ယုံကြည်မှုကို 'မှန်ကန်သောအဖြေ' ဟု ဆို၍ မဖြစ်ပေ။

ဆိုရှ်မဖြစ်သော်လည်း ယင်းပညာရပ်များကို 'ယုံကြည်ပါ' ဟုတော့ ဤကျမ်းဆရာအနေဖြင့် မတိုက်တွန်းလိုပေ။ မတိုက်တွန်းချင်ပေ။

## အဖြေမှန်ကို ဆွဲထုတ်ကြည့်ရအောင်

သို့သော် 'ကိုယ်တိုင် ရဲရဲတင်းတင်းကြီး လုပ်ကိုင် စီရင်ကြည့်စမ်းပါ' ဟုတော့ အလေးအနက် တိုက်တွန်းလိုပေသည်။

ယင်းသို့ ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်စီရင်ကြည့်သောအခါကျမှသာ မိမိယုံကြည်ချက် မှန်၊မမှန်ကို မိမိလုပ်ရပ်က အဖြေမှန် ပေးနေလိမ့်မည် ဖြစ်ပေသည်။အဖြေမှန်ကို ဆွဲထုတ်ကြည့်နိုင်လိမ့်မည် ဖြစ်လေသည်။

## ကျမ်းဆရာ၏ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခု

လွန်ခဲ့သော ၁၉၃၉ ခုနှစ်က ဤကျမ်းဆရာနှင့်ရင်းနှီးသူမိတ်ဆွေတစ်ဦးက 'သူ့သားကလေး ကျောက်ပေါက်နေ၍ လာကြည့်ရန်' ခေါ်သဖြင့် လိုက်သွားရသည်။ ကလေးမှာ ၁၂ နှစ် ၁၃ နှစ်ခန့် ရှိသည်။ ထွက်နေသော ကျောက်မှာ မများလှပေ။ သို့သော် ကလေး၏ရင်ဝ၌ ကျောက်လုပ်ထွက်နေသဖြင့် မိသားစုအားလုံး မျက်ကလူးဆန်ပြာ ဖြစ်နေကြသည်။

ဆရာဝန်နှင့် ကုသနေသဖြင့် ဆရာဝန်က တစ်နေ့ တစ်ခေါက် လာလာကြည့်သည်ဟု ပြောသည်။

သူတို့ မိသားစုအားလုံး နိုင်ငံခြားမှ ပြန်လာကြသည်မှာ မကြာလှသေးပေ၊ နိုင်ငံခြား မသွားမီကပင် အနောက်တိုင်း ဆန်ဆန် နေထိုင်သက်ဆံကြသော မိသားစုဖြစ်သည်။

'ဒီကျောက်လုပ်ကို ဘယ်လိုလုပ်ရမလဲ'

မိတ်ဆွေ၏ ဇနီးက မေးသည်။

'ဆရာဝန်ကကော ဘာပြောသလဲ'

ကျွန်တော်ကလည်း ပြန်မေးလိုက်မိသည်။

'သူ ကြည့်ပါဦးမယ်လို့ပဲ ပြောတယ်၊ ဒါပေမယ့် သူ့ မျက်နှာကို အကဲခတ်ကြည့်တော့ တတ်နိုင်ပုံ မပေါ်ပါဘူး၊ ကလေးကလဲ မအိပ်နိုင်အောင် ဝေဒနာ ခံစားနေရတယ်၊ အဲဒါ အကြံပေးပါဦး'

မိဘ နှစ်ယောက်လုံး စိုးရိမ်တကြီး ပြန်ပြောနေကြသည်။ စိုးရိမ်မည်ဆိုကလည်း စိုးရိမ်စရာပဲ ဖြစ်သည်။ လူကိုယ်ခန္ဓာ အစိတ်အပိုင်း၌ ရင်ဝဆိုသည်မှာ သေကွင်းဌာန ( = မမ္မဌာန) ဖြစ်သည်ဟု အာယုဗ္ဗေဒ ဆေးကျမ်းဟောင်းကြီးများက အဆိုအမိန့် ပြုထားကြသည်။ ခွဲစိတ်ကုသရန်အတွက် အသက် နေနှင့် အလွန်နီးကပ်သောဌာနဟု ဆိုလိုခြင်း ဖြစ်သည်။ ရင်ဂွ၌ ကျောက်လုပ်ထွက်ပါက မကုသဘတ်လျှင် အသက် အန္တရာယ် ရှိနိုင်ပေသည်။

ထို့ကြောင့် ကျွန်တော်လည်း ကျွန်တော့် မိတ်ဆွေ တိုင်းရင်း ဆေးဆရာ တစ်ယောက်ကို ခေါ်ပေးလိုက်သည်။ မိတ်ဆွေ တိုင်းရင်းဆေးဆရာမှာ တက္ကသိုလ်ဘွဲ့ရပြီးမှ တိုင်းရင်း ဗိန္ဒော ဆေးပညာနှင့် ဝိဇ္ဇာယာန လောကီပညာများကိုပါ လေ့လာထားသူ ဖြစ်သည်။

မိတ်ဆွေ တိုင်းရင်းဆေးဆရာက ဝေဒနာရှင်ကလေး၏ ရင်ဝမှ ကျောက်လုပ်ကို သူ၏ အတတ်ပညာဖြင့် ပေါင်ပေါ်သို့ ရွှေ့ပြောင်းပေးလိုက်သည်။

ဤတွင်မှ မိဘနှစ်ဦးတို့မှာလည်း ရယ်နိုင်ပြုံးနိုင် ရွှင်ရွှင် လန်းလန်း ဖြစ်သွားကြသည်။

နောက်တစ်နေ့ ဆရာဝန် ရောက်လာသောအခါ၌ ဆရာဝန်က ရောက်ရောက်ချင်း ရင်ဝမှ ကျောက်လုပ်ကို အရေးတကြီး လှန်ကြည့်သည်။ ကျောက်လုပ်ကို မတွေ့ရသောအခါ 'ဘယ်လိုဖြစ်တာလဲ' ဟူသော မျက်နှာဖြင့် ကလေး၏ မိဘနှစ်ဦးကို တစ်လှည့်စီ ကြည့်နေသည်။

ဟိုအချိန်၌ အနီးတွင် ကျွန်တော်နှင့်အတူ တိုင်းရင်း ဆေးဆရာလည်း ရောက်ရှိနေကြသည်။

ထိုအခါ မိဘနှစ်ဦးက ကလေး၏ ပေါင်ကို လှန်ပြပြီး 'ကျောက်လုပ်ကို ပေါင်သို့ ရွှေ့ပြောင်းပစ်လိုက်ကြောင်း' ပြောပြကြသည်၊ တစ်ဆက်တည်းပင် အနား၌ ရှိနေသော တိုင်းရင်းဆေးဆရာကို ပြကာ 'ဒီဆရာက ပေါင်သို့ ပြောင်း ရွှေ့ပေးလိုက်ခြင်း ဖြစ်ကြောင်း' ပါ ပြောပြကြသည်။

**'မိုင်နာပေါ' တဲ့**

ဤတွင် ဆရာဝန်မှာ အလွန်အမင်း အံ့အားသင့်ပြီး တိုင်းရင်းဆေးဆရာအား သိချင်ဇော အားကြီးစွာဖြင့် ဤသို့ မေးလိုက်သည်။

'ဆရာ....ရင်ဝက ပေါင်ရောက်အောင် ဘယ်လို ပြောင်းရွှေ့ပစ်လိုက်တာလဲ'

'ဒါကတော့ ကျွန်တော်တို့ ဝိဇ္ဇာယာနပညာမှာ မိုင်နာပေါ ဂါထာ တစ်ပုဒ်တည်းနဲ့ ကိစ္စပြတ်ပါတယ်'

တိုင်းရင်းဆရာက 'မိုင်နာပေါ' ဟူသော အဖြေကြောင့် ဆရာဝန်မှာ ပို၍ ပို၍ အံ့သြမဆုံး ဖြစ်သွားသည်။

အမှန်လည်း သိပ္ပံနည်းကျ အနောက်တိုင်းဆေးပညာဖြင့် အခက်အခဲ ကြုံတွေ့နေရသော ယင်းဝေဒနာမှာ ဝိဇ္ဇာယာန လောကီပညာအနေဖြင့် မိုင်နာအဆင့်သို့ ရောက်သွားရပြီ ဖြစ်ပါသည်။

'ယင်းဖြစ်ရပ်ကို သိပ္ပံပညာပေတံဖြင့် မီအောင် ထပ်မံပြီး ဘယ်လိုများ တိုင်းထွာချင်ပါသေးသနည်း' ဟုပင် မေးရမလို ဖြစ်နေပေသည်။

**ဆရာ နည်းကျဖို့လိုခြင်း**

အထက်က ဖော်ပြခဲ့သည့်အတိုင်း ကိုယ်တိုင် အဖြေမှန် ဆွဲထုတ်နိုင်အောင် ဤကျမ်း၌ပါသော အစီအရင်များကို လုပ်ကိုင်စီရင်သောအခါ၌ ဤကျမ်း၏ ကျမ်းဦးအစ၌ ပါရှိထားသော 'ရှေးဦး အစီအရင်ကဏ္ဍ' တွင် ဖော်ပြထားသည့်

အစီအစဉ်များအတိုင်း ဆရာ့နည်းကျကျ တိတိကျကျလိုက်နာ လုပ်ကိုင် စီရင်ကြဖို့တော့ အထူး သတိပြုရမည်။ တိတိကျကျ မလိုက်နာဘဲ ဖြစ်ကတတ်ဆန်း ပြုလုပ်စီရင်လျှင်တော့ ဖော်ပြထားသော အညွှန်းများမှာ အကောင်အထည် ပေါ်ချင်မှ ပေါ်မည်၊ ပေါ်သည့် တိုင်အောင်လည်း ပြည့်ပြည့်ဝဝ ပေါ်သင့်သလောက် ပေါ်မည် မဟုတ်ပေ။

**ညောင်ရမ်းခေတ် နှင့်**
**ကုန်းဘောင်ခေတ်**

ထို့ပြင် ဤကျမ်း၌ ဖော်ပြထားသော အစီအရင်များမှာ ညောင်ရမ်းခေတ်က ရေးထားသော 'ပေမူ'ကို ကုန်းဘောင်ခေတ် ဘကြီးတော် မင်းတရားကြီးလက်ထက်၌ ထပ်မံ၍ တစ်ဆင့်ကူးယူထားသော 'ပေမူ'မှအစီအရင်များ ဖြစ်သည်။

ယင်းပေမူပါ အစီအရင်များအနက် အချို့ အစီအရင်များမှာ ယခုခေတ်အခါ၌ လုပ်ကိုင်စီရင်ရန် မလွယ်ကူဘဲ ခက်ခဲလှပေသည်။

ထို့ကြောင့် ယင်းခက်ခဲသော အစီအရင်များကို ချန်လှပ်ပြီး ယခုခေတ် ယခုအခါ၌ လွယ်ကူစွာ စီရင်နိုင်သော နည်းနာနိဿယများကိုသာ ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပါကြောင်း ကြိုတင်အသိပေး မှာထားလိုပါသတည်း ။

ကျမ်းပြုဆရာ
**ဆရာညို**
၉ - ၁ - ၄၈

စာအုပ်လင့်ပေါင်းစုံ

# ကားမှဲ့-ကားတစေမှော့

## လက်တွေ့အစီအရင်ကျမ်း

## ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**ရှေးဦး အစီအရင် ကဏ္ဍ**

ပွဲတင်ပသရာ၌

**ရွတ်ရမည့် မန္တန်**

လက်ဖွဲ့ကို ဖြစ်စေ, အင်းကို ဖြစ်စေ, ဆေးကို ဖြစ်စေ မည်သည့် ဝိဇ္ဇာယာန လောကီပညာကိုပင်ဖြစ်ဖြစ် စီရင်ပြုလုပ်တော့မည်ဆိုလျှင် ရှေးဦးစွာ အနန်း, ငှက်ပျောပွဲ တင်ရမည်၊ ပွဲတင် ပသပြီးမှ စီရင် ပြုလုပ်ပါက ပို၍ အစွမ်းထက်မည်၊ ပိုမို၍ အကျိုးအာနိသင်ကို ခံစားရပေမည်။

အကယ်၍ ပွဲတင်ရန် အချိန် မရပါကလည်း ပွဲမတင်ဘဲ စီရင်ပြုလုပ်နိုင်သည်။

ပွဲတင်ပါက အောက်ပါ ဂါထာမန္တန်ကို ရွတ်ဆိုရမည်။

ဥုံ ဘဝါ ဘဝါ နမ္မပါဘာ၊ အကွရာ ဗန္ဓု
ကမ္ဗလာ ဘဝန္တိ အဟံ ဝန္ဒိ၊ ဘဂဝါ လောက
သမ္မန္ဓေ၊ အာသီသ သယာ ရောဂါ ဝိနဿန္တု။

ဤဂါထာကို ၇ ကြိမ် ရွတ်ဆိုလျက် ပွဲတင် ပသပါ။ ထို့နောက် ပီယသိဒ္ဓိကို စီရင်မည်ဆိုလျှင် သူရဿတီ နတ်သမီးကို ပင့်ခေါ်ကျွေးမွေးရမည်၊ အခြား ကာယသိဒ္ဓိ စသည်တို့ကို စီရင်ပါကလည်း ဆိုင်ရာဆိုင်ရာများကိုပင့်ခေါ် ကျွေးမွေးရမည်။

....o....

## ကညင်ကို စုတ်ရန် ဓမ္မ မန္တန်

လက်ဖွဲ့ဖြစ်ဖြစ်, အင်းဖြစ်ဖြစ်, စမဖြစ်စေ စီရင်ရန် ရေးသားသောအခါ အောက်ပါဓမ္မ, မန္တန်ဖြင့် စုတ်ရမည်။

ဗလဝေ၊ ဝေလဗ၊ နမ, ဗဓ, ကယ, ဗထ,
သမ, လဝ, သဝ, မဘ။

ဤဂါထာဖြင့် ကညင်ကို (၇၇) အုပ် စုတ်ပြီးမှ မိမိ ရေးလိုရာ ရေးရမည်။

....o....

# အင်းဇီရင်နည်းပညာ

## စတုရန်း အင်းပေါင် အတွက်

### အဟိန်း မန္တန်

အင်းတစ်ခုတွင် စတုရန်း ပတ်လည် ၄ ပေါင် ရှိသည်။ ယင်း အင်းပေါင် ၄ ပေါင်ကို ရေးသောအခါ အောက်ပါ အဟိန်း မန္တန်ကို ရွတ်ဆိုပြီး ရေးသားရမည်။

ဥုံ စတုလောကပါလာ။

ဤ အဟိန်းမန္တန်ကို (၇) အုပ် ရွတ်ဆို ဟိန်းလျက် စတုရန်းပတ်လည် အင်းပေါင်များကို မျဉ်းသားရမည်။

## တောင် နှင့် မြောက် အင်းပေါင်အတွက်

### အဟိန်းမန္တန်

အင်းပေါင်ကို တောင် နှင့် မြောက် ရေးသောအခါ အောက်ပါ အဟိန်း မန္တန်ကို ရွတ်ဆိုရမည်။

ဥုံ ဌာနေ ဌာနေ ဒက္ခိဏေ။

ဤ အဟိန်း မန္တန်ကို (၇) အုပ် ရွတ်ဆိုဟိန်းလျက် တောင် နှင့် မြောက် အင်းပေါင်များကို မျဉ်းသားရမည်။

အရှေ့ နှင့် အနောက် အင်းပေါင်အတွက်

**အဟိန်းမန္တန်**

အင်းပေါင်ကို အရှေ့ နှင့် အနောက် ရေးသောအခါ အောက်ပါအဟိန်း မန္တန်ကို ရွတ်ဆိုရမည်။

ဥုံ ပရိဘာဂံ ပဒဇ္ဇေဒံ။

ဤ အဟိန်း မန္တာန်ကို ၇ အုပ် ရွတ်ဆို ဟိန်းလျက် အရှေ့နှင့် အနောက် အင်းပေါင်များကို မျဉ်းသားရမည်။

အင်းပေါင် အစွန်းထွက်လျှင် ပြင်ဆင်ရန်

**အဟိန်းမန္တန်**

အင်းချသောအခါ တစ်ခါတစ်ရံ လက်မငြိမ်သဖြင့် အင်းပေါင်များ အစွန်းထွက်သွားတတ်သည်၊ ယင်းသို့ ထွက်သွား အင်းပေါင် အစွန်းကို ဖျက်ရန် အဟိန်းမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ ပေယျာလကံ။

ဤ အဟိန်းမန္တာန်ကို ၇ အုပ် ရွတ်ဆိုဟိန်းလျက် ဖျက်ပစ်ရမည်။

အင်းကြီးအတွင်း၌ အင်းငယ်ကိုပြင်ဆင်ရန်

**အဟိန်းမန္တန်**

အင်းကြီး အတွင်း၌ အင်းငယ်များကို ရေးသောအခါ တစ်ခါတစ်ရံ မှားယွင်းတတ်သည်၊ ထိုအခါ၌ ပြင်ဆင်ရန် အဟိန်းမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ နသာ ဝိဇ္ဇာ။

ဤ အဟိန်းမန္တန်ကို ၄ အုပ် ရွတ်ဆို ဟိန်းလျက် ပြင်ဆင်လိုသည့်အတိုင်း ပြင်ဆင်ရမည်။

အချို့က မပြင်ဆင်ကောင်းဟု ယူဆကာ အသစ်တစ်ဖန် ပြန်လည် အင်းချတတ်ကြသည်၊ အမှန်မှာ ပြင်ဆင်ကောင်း သည်သာ ဖြစ်သည်။

.... ၀ ....

အင်းဆန် ဂဏန်းများ၏

**မူမှန်ပုံသဏ္ဌာန်**

အင်းချသောအခါ အင်းကွက်များအတွင်း၌ အင်းဆန် ဂဏန်းများကို ရေးသွင်းရာတွင် အောက်ပါ 'မူဟောင်း, မူမှန်' ပုံသဏ္ဌာန်အတိုင်း ရေးသွင်းရမည်။

အချို့က 'ဤမူဟောင်း မူမှန်' ရေးနည်းကို ဂရုမထားကြပေ၊ ထို့ကြောင့် စွမ်းအင်သတ္တိမှာလည်း ထက်မြက်မှု နည်းပါးတတ်ကြပေသည်။

## မူဟောင်း မူမှန် ရေးနည်း

| | | |
|---|---|---|
| ၁ | = | ၁ |
| ၂ | = | / |
| ၃ | = | ၃ |
| ၄ | = | ၄ |
| ၅ | = | ၅ |
| ၆ | = | ၆ |
| ၇ | = | ၇ |
| ၈ | = | ၈ |
| ၉ | = | ၉ |

ဤပုံသဏ္ဍာန်မှာ ရှေးရှေး ဆရာကြီးများ ဆရာစဉ်ဆက် ရေးသား သုံးစွဲခဲ့ကြသော 'မူဟောင်း မူမှန်' ဖြစ်သည်၊ ယင်း မူဟောင်း မူမှန်အတိုင်း ရေးရမည်ဖြစ်သည်၊ ခေတ်အလိုက် ရေးလေ့ရှိကြသော ဂဏန်းပုံသဏ္ဍာန်များဖြင့် မရေး

## အင်းဆန် ဂဏန်း • ရေးသွင်းနည်း

.... 'တစ်' နှင့် 'ရှစ်'ကို တည့်မတ်လှစေ။
.... 'နှစ်' 'လေး' 'ငါး' တို့ကို အနောက်မြောက် ထောင့်သို့ အမြီး ညွှန်စေ။
.... 'သုံး' နှင့် 'ခုနစ်' တို့ကို အနောက်တောင်ထောင့် သို့ အမြီးညွှန်စေ။
.... 'ကိုး'ကို မူကား အရှေ့မြောက်ထောင့်သို့ အမြီး ညွှန်စေ။

ဤရေးနည်းအတိုင်း ရေးသွင်းရမည်၊ မမှားယွင်းရ အောင် သေသေချာချာ ဂရုတစိုက် ရေးသွင်းဖို့ သတိပြုပါ။

....၀....

## အင်းဆန် ဂဏန်း အဟိန်းမန္တန်

ယင်းသို့ အင်းဆန် ဂဏန်းများကို ရေးသွင်းရာ၌ အင်းဆန် အဟိန်းမန္တန်ကို ရွတ်ဆိုဟိန်းလျက် ရေးသွင်းရမည်။

ယင်း မန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

.... ဧကော ဗုဒ္ဓေါ အက္ခရာမဇ္ဈေ ဌာနေ။
.... ဒွေ စန္ဒသူရိယာနိ အက္ခရာ မဇ္ဈေ ဌာနေ။
.... တြိပိဋကတ္တယာနိ (ပ) ဌာနေ။
[illegible] (ပ) ဌာနေ။

.... ပဉ္စ ဗလာနိ (ပ) ဌာနေ။
.... ဆ အသာဓာရဏာနိ (ပ) ဌာနေ။
.... သတ္တ ဗောဇ္ဈင်္ဂါနိ (ပ) ဌာနေ။
.... အဋ္ဌ မဂ္ဂင်္ဂါနိ '(ပ) ဌာနေ။
.... နဝ လောကုတ္တရာနိ အဘိဓမ္မာမဇ္ဈေ ဌာနေ။

ဤသို့ အင်းဆန်ဂဏန်းများကို အက္ခရာအလိုက် ရွတ်ဆို ဟိန်းလျက် ရေးသွင်းရမည်။

....o....

**တစ်နည်း အင်းဆန် ဂဏန်း အဟိန်း မန္တန်**

ဥပံ.... 'တစ်' ကား မြင်းမိုရ်တောင်၊
'နှစ်' ကား နေလ နှစ်ပါး၊
'သုံး' ကား ဝိဇ္ဇာ သုံးပါး၊
'လေး ကား ဣဒ္ဓိပါဒ် လေးပါး၊
'ငါး' ကား ဘုရားငါးဆူ၊
'ခြောက်' ကား အာရုံခြောက်ပါး၊
'ခုနစ်' ကား ဗောဇ္ဈင် ခုနစ်ပါး၊
'ရှစ်' ကား မဂ္ဂင် ရှစ်ပါး၊
'ကိုး' ကား ဂုဏ်တော် ကိုးပါး။

ဤသို့လည်း အင်းဆန် ဂဏန်းများကို ရွတ်ဆိုဟိန်းလျက် ရေးသွင်းလိုက ရေးသွင်းနိုင်သေးသည်။

## အင်းဆန် အက္ခရာ အဟိန်းမန္တန်

ရေးသွင်းရမည့် အင်းဆန်မှာ ၁,၂ စသည် ဂဏန်းမဟုတ်ဘဲ က, ခ စသည် အက္ခရာများ ဖြစ်နေပါက ရွတ်ဆိုရန် အဟိန်းမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

'က' ကာရော စ ဗုဒ္ဓံ ရူပံ၊
'က' ဒုက္ခံ ကုသလစ်မံ၊
နမော ဗုဒ္ဓါယ 'က'

ဤသို့ က, ခ စသော ဗျည်း ၃၃ လုံး ရှိသည့်အနက် မိမိ ရေးလိုသော အင်းဆန် အက္ခရာကို အစ, အလယ်, အဆုံးမှာ အထက်ပါအတိုင်း ထည့်သွင်း ရွတ်ဆိုဟိန်းချက် ရေးသွင်းရမည်။

....၀....

## အင်း, လက်ဖွဲ့, စသည်တို့ကို အောင်မြင်စေရန်

## ဂါထာမန္တန်

မိမိ ပြုလုပ် စီရင်အပ်သော အင်းကိုဖြစ်စေ, လက်ဖွဲ့ကိုဖြစ်စေ, ဆေးကိုဖြစ်စေ, ဂဝံကိုဖြစ်စေ မိမိ အလိုရှိတိုင်း အောင်မြင်သည်ထက် အောင်မြင်အောင် ရွတ်ဆိုရမည့် မန္တန်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဥုံ ဇေယသမ္မတ္တိ မဟာဇေယသမ္မတ္တိ ဇေယော ဇေယန္တိ လာဘန္တိ သွာဟာဟ သဗ္ဗသွာဟာဟ။

အင်း, လက်ဖွဲ့, ဆေး, •ဂဝံ စသည်တို့ကို စီရင်ပြီး နောက် ဤမန္တန် ၇ ခုပ်ကို စုတ်ရမည်။ အကျိုးအာနိသင်များထက် ပိုမို မှလ ညွန်းထားသော အကျိုးအာနိသင်များထက် ပိုမို ထက်မြက်မည်၊ ပိုမို အောင်မြင်သည်ကို မယုံကြည်နိုင်အောင် တွေ့ရှိရလိမ့်မည်။

....o....

အင်း, လက်ဖွဲ့စသည်တို့ကို စီရင်ပြီးနောက်

**ရွတ်ဆိုရန်ဂါထာမန္တန်**

အင်းကိုဖြစ်စေ, လက်ဖွဲ့ကိုဖြစ်စေ, ဆေးကိုဖြစ်စေ, ဂဝံကို ဖြစ်စေ စီရင်ပြီးနောက် ရွတ်ဆိုရန် ဂါထာမန္တန်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဥုံ ဘယာဘယံ ဝိနာသန္တု၊
ဇူဗ္ဗာတံ ဂစ္ဆာတံ ဂစ္ဆေ။
ပရာဘဝ္မိ ဂတာ ဂတေ၊
မံ ပသန္တိ ယဒါ ကာဓလ။ ။
ဘိဇ္ဇယန္တိ ပရိဇယံ၊
ကောဒသ ဗိဿနုတာ ဝိနာသန္တု။ ။

ဤ ဂါထာမန္တန်ဖြင့် ၃၇ ခုပ် စုတ်ရမည်၊ ယင်းသို့ စုတ်ပြီး ဆက်လက်ပြုလုပ်ရမည့် အစီအရင်များကို ဆက်လက် ပြုလုပ်ရမည်။

## သိဒ္ဓိတင်ရန် ဂါထာမန္တန်

အထက်ပါ အစီအစဉ်အတိုင်း အင်း, လက်ဖွဲ့, ဆေး, ဂဝံ စသည်တို့ကို စီရင်ပြီးနောက် သိဒ္ဓိတင်ရမည်၊ သိဒ္ဓိ တင်ရန် ဂါထာမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ၊
သိဒ္ဓိကြီး သိဒ္ဓိငယ် ထက်ဆရာထက်၊
သြောင်း တိဋ္ဌတု တည်စေ တည်စေ။

ဤ ဂါထာမန္တန်ဖြင့် ၇ အုပ် စုတ်ပြီး သိဒ္ဓိတင်ရမည်၊ သိဒ္ဓိ မတင်ဘဲ အသုံးမပြုရန် သတိပြုကြပါ။

## နတ်အပ်ရန် ဂါထာမန္တန်

အင်း လက်ဖွဲ့, ဆေး, ဂဝံ စသည်တို့ကို စီရင်ပြီး သိဒ္ဓိ တင်ပြီးနောက် နတ်အပ်ရမည်၊ နတ်အပ်ရမည့် ဂါထာမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ ဗိရဏီနတ်သမီး ထီးချက်လာ၍ မိုး၊
သတ္တိသား ဘုရား ငါဖြစ်ပြီ၊
သြောင်း တိဋ္ဌတု တည်စေ တည်စေ။

ဤဂါထာမန္တန်ကို ၇ အုပ် စုတ်ကာ မိမိစီရင်ထားသည့်

သို့မှသာ အပ်ထားသော နတ်က မတိမ်းမစောင်း မမှား ရအောင် စောင့်ရှောက်လိမ့်မည်။

.... ○ ....

## နေမင်းကို ကြည့်၍ နှိုးရန် ဂါထာ မန္တန်

အင်း, လက်ဖွဲ့, ဆေး, ဂဝံ စသည်တို့ကို နှိုးရန် ဂါထာ မန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ သူရိယော သူရိယော
ယုတ္တေ တိဟုံ တိဟုံ။

စီရင်ထားသော အင်း, လက်ဖွဲ့, ဆေး, ဂဝံ စသည်တို့ကို အသုံးပြုလိုသောအခါ နေမင်းကိုကြည့်၍ ဤ ဂါထာမန္တန်ဖြင့် ၇ အုပ်စုတ်ပြီး နှိုးရမည်။

နှိုးပြီးမှ အသုံးပြုပါက အညွန့်းထက် ပို၍ အသက်ဝင်လာသည်ကို တွေ့ရှိရမည်။

.... ○ ....

## လမင်းကို ကြည့်၍ နှိုးရန် ဂါထာ မန္တန်

ထို့အတူ လမင်းကို ကြည့်၍လည်း နှိုးနိုင်သေးသည်။ ယင်းမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ စန္ဒရော စန္ဒရော
ယုတ္တေ ယုတ္တေ တိဖုံ တိဟုံ။

စီရင်ထားသော အင်း, လက်ဖွဲ့, ဆေး, ဂဝံ စသည်တို့ကို အသုံးပြုလိုသောအခါ လမင်းကိုကြည့်၍ ဤဂါထာမန္တန်ဖြင့် ၇ အုပ် စုတ်ပြီး နှိုးရမည်။

မနှိုးဘဲ အသုံးပြုခြင်းနှင့် နှိုးပြီးမှ အသုံးပြုခြင်း နှစ်မျိုး၏ ကွာခြားမှုကို ကိုယ်တိုင် ပြုလုပ် သုံးစွဲပြီးမှ ထူးထူးခြားခြား ရှိမှုကို ကိုယ်တွေ့ သိရှိကြရလိမ့်မည်။

....၀....


## သဗ္ဗရဏံ အနှိုးမန္တန်

မည်သည့် အချိန်အခါ၌မဆို နှိုးနိုင်သော ဂါထာမန္တန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥုံ ဣဟုတ် ဣဟုတ်
သဗ္ဗရဏံ ဣဟုတ်။

နေမင်းကိုလည်းကောင်း လမင်းကိုလည်းကောင်း ကြည့်ရှုရန် အချိန်မရပါက မည်သည့် အင်း, လက်ဖွဲ့, ဆေး, ဂဝံ မဆို ဤဂါထာမန္တန်ဖြင့် ၇ အုပ် စုတ်ပြီး နှိုးနိုင်သည်။

လာဘ်သိဒ္ဓိ ရှင်သိဝလိဒိမ်



# အင်းနှင့် ဒိပံ အစီအရင် ကဏ္ဍ

## ထီးပေါက်စေနိုင်သော လာဘသိဒ္ဓိ

### ရှင်သီဝလိဒိပံ အစီအရင်

ဤ 'ရှင်သီဝလိဒိပံ'ကို အဝင်နက္ခတ် အမြိတ္တာစုံတ်ကြိုက် နှစ်ဖက်မြင် သောကြာနေ့ နေဝန်းပေါ်သော အချိန်တွင် စီရင်ရမည်။

တန်ခိုးကြီး ဘုရားငါးဆူမှ ဖယောင်းကို ပျားဖယောင်း နှင့် ဆတူ ရောရမည်၊ ပြီးလျှင် ကြို၍ စစ်ပြီး အပြားပြုလုပ် ထားရမည်။

အထက်က ဖော်ပြထားသည့်အတိုင်း သောကြာနေ့ နေ ဝန်းပေါ်ချိန်တွင် ရှင်သီဝလိ မထေရ်မြတ်ကို ရည်စူးပြီး သစ် သီးမျိုးစုံတစ်ပွဲ ကပ်လှူရမည်။

ပြီးလျှင် ဖော်ပြပါ 'ဒိပံပုံ' အတိုင်းရေး၍ အောက်ပါ အစီအစဉ်အတိုင်း စီရင်ရမည်။

**စီရင်နည်း၊ စီရင်ဟန်**

ပထမ — အင်းကွက်ချ၊ယင်းအင်းကွက်တွင်'သီဝလိ ဉာတိ ပိယာသုတောဘတိဟု'ဟူ၍ ဝဲယာ အစဉ် အတိုင်း အင်းဆန် ရေးသွင်း။

ဒုတိယ – အင်းကွက်တွင် 'အာဟုနေယျော၊ ပါဟု နေယျော' အင်းဆန် ရေးသွင်း။

တတိယ – စမရှုပ်

စတုတ္ထ – အင်းကွက်တွင် 'လာဘီန မုတ္တမော ထေ ရော နံ' ရေးသွင်း။

ပဉ္စမ – အင်းကွက်တွင် 'ဒက္ခိဏေယျော နံ' ရေး သွင်း။

ဆဋ္ဌမ – အရံ

သတ္တမ – လက်ဝဲစက် 'စ ဝ ဓ ဗ' ရေးသွင်း။

အဋ္ဌမ – လက်ယာစက် 'ဋ္ဌ က သ ဥ' ရေးသွင်း။

သိမ်ဝင်ချည်ကို သက်စေ့ မီးစာ ထည့်ရမည်၊ ထို့နောက် ပုံတွင် ပြထားသည့်အတိုင်း အောက်ပါ ဂါထာမန္တန်ကို အရံ အဖြစ်ဖြင့် ရေးရမည်။

## အရံဂါထာ

ဥုံ သိဝလိနာမေန ထေရေန၊ စတုဓာတု ပသိဒ္ဓိ ယာ၊ သန္ဒိဋ္ဌိက ဖလံ၊ စတုက္ခရံ သိဒ္ဓိလာဘံ သဒါဟော။

ယင်းအရံ ဂါထာမန္တန်ဖြင့်ပင် ၁၀၀၀ အုပ် စုတ်ရမည်။ ပြီးလျှင် ဖယောင်းတိုင် ပူလုပ်ရမည်။

ကျိုရှင်သိဝလိဒိပံ ဖယောင်းတိုင် အစီအရင်ကို ဈာန်အဘိ- ညာဉ်ရ ရသေ့ဆရာကြီးများက အက္ခရာ ၄၁ လုံးကို မူလ

အမှန် ဘူတပြန်၍ ဝိဇ္ဇာယာန လောကီယ အတတ်ပညာဖြင့် စီရင်ထားတော် မူခဲ့ခြင်းဖြစ်သည်။

ယင်းသို့ မီးထွန်းသောအခါ၌ အထက်ပါ အရံ ဂါထာ မန္တန်ကို ၇ အုပ် ရွတ်ဆို ကျူးရင့်နေရမည်။

အညွှန်း

- ထီထိုးပါက ထီဖွင့်သောနေ့များ ရက်များ၌ ဤ ရှင်သီဝလိ ဒိုပံ ဖယောင်းတိုင်ကို မီးထွန်းပါ၊ ထီ ပေါက်နိုင်ပါသည်။
- ကုန်အရောင်းအဝယ်, အိမ်အရောင်းအဝယ်, မော်တော်ကား အရောင်းအဝယ်, ခြံမြေ လယ်မြေယာ မြေ အရောင်းအဝယ် ပြုလုပ်သော နေ့များ၌ ဤ ဒိုပံ ဖယောင်းတိုင်ကို မီးထွန်းပါ၊ မိမိ ပြောဆို သော ဈေးနှုန်းအတိုင်း အရောင်းအဝယ် အလုပ် ဖြစ်နိုင်ပါသည်။
- ထို့ပြင် တတ်နိုင်မည်ဆိုပါက ဤဒိုပံဖယောင်း တိုင်ကို နေ့စဉ် မီးထွန်းပူဇော်ပါ၊ တစ်နေ့တခြား သိသိသာသာကြီး ငွေးပွားဥစ္စာ တိုးတက်လာမည်၊ လာဘ်လာဘပေါများမည်၊ အလုပ်အကိုင် အကြံ အစည် လုပ်တိုင်း ကိုင်တိုင်း လိုလို ထမြောက် အောင်မြင်မည်။

– ကုန်တိုက်ကြီးများ အိမ်ဆိုင်ကြီးများဖွင့်၍ရောင်းချနေပါက ဤဒီပံဖယောင်းတိုင်ကို နေ့စဉ် မီးထွန်း၍ မမေ့ပါနှင့်ဟု မှာသားပါရစေ။

ရှင်သိဝလိ မဟာထေရ်မြတ်မှာ ဗုဒ္ဓဘုရားရှင် ကိုယ်တိုင်က လာဘ်လာဘအရာ၌ ဧတဒဂ် ပေးထားတော် မူခဲ့သဖြင့် ဤရှင်သိဝလိဒီပံ အစီအရင်ကို ရှေးဆရာကြီးများက 'လာဘသိဒ္ဓိ လာဘ်ခေါ်ဒီပံ'ဟု အမည်ပေးထားကြောင်း မူရင်းပေစာတွင် ရေးထားသည်။

ပီယသိဒ္ဓိ ဆီမီးခွက်အင်း အစီအရင်

၀

၇

| | | |
|---|---|---|
| ဘော | ယျော | က |
| တိ | [illegible] | တိ |
| အ | ဩ | ဘော |

၁

၈

ဤ 'ပီယသိဒ္ဓိအင်း'ကို အဝင်နက္ခတ် နှစ်ဖက်မြင် အမြိတ္တ
စုတ်ကြိုက် သောကြာနေ့ နေဝင်းပေါ်သော အချိန်၌ ...

အိုးထိန်းမြေကို ဆီမီးခွက် ပြုလုပ်၍ ပြီးမှ နေ့လှမ်း မီးဖုတ်ပါ၊ ပြီးလျှင် အထက်ပါအတိုင်း အင်းချပါ၊ 'ယင်း အင်းကွက်တွင်....

ဘောတိ အယျေ
ဘောတိ ကညေ

ကို အင်းဆန်အဖြစ် ရေးသွင်းရမည်၊ အင်း၏နံဘေး လေးမျက်နှာ၌ ဝ, စ, ခ, ဗ ကို အစောင့် စပ အဖြစ် ရေးရမည်။

အလယ် အင်းကွက်တွင် မိမိ၏, မွေးနံကို အပေါ်မှ လည်းကောင်း မိမိ အလိုရှိသော အမျိုးသမီး၏ မွေးနံကို အောက်မှ လည်းကောင်း အသီး အသီး ရေးသွင်းရမည်။

ယင်းအမျိုးသမီး၏ အဝတ်စကို မီးစာ ပြုလုပ်ရမည်။

ထို့နောက် အောက်ပါ ဂါထာ မန္တန်ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

ဂါထာ

ဥုံ သူရဿတိ မယ်ဒေဝီ....ချစ်ညီမငြိး၊ အစ်မကြီး
လျှင်၊ တစ်ထ^ီးတစ်နန်း၊ ပျော်မြန်းစံပယ်၊ မေတ္တာ
လှယ်၍၊ မောင်ကြီးငယ်ခေါ်ရာ၊ ကြွ၍လာသည်၊

ဥုံ ဘောတိ အယျှေ၊ ဒေဝိ မယ်လျှ၊ နတ်မိန်းမ....
ငါ့၏နှလုံး၊ မေတ္တာသုံးသည်၊ နှလုံးမယ့်မှာ ကြွင်သတည်း။
မယ်၏အသည်း၊ မေတ္တာရည်းသည်၊ မယ်လည်း ငါ့ကို ကြွင်သတည်း။

ယင်းဂါထာ မန္တန်ဖြင့် ၁၀၈ အုပ် စုတ်ပြီးလျှင် ယင်း ဆိမ်းခွက်ကို မီးထွန်းရမည်၊ မီးထွန်းထားစဉ်မှာလည်း ယင်းဂါထာမန္တန်ဖြင့် ၇ ကြိမ် စုတ်ရဦးမည်။

## အညွှန်း

.... ဤပီယသိဒ္ဓိ ဆိမ်းခွက်အင်းကို ထွန်းပြီးပါက အမျိုးသမီးမှာယခင်ကနှင့် မတူ၊ ထူးထူးခြားခြား ဆက်ဆံလာလိမ့်မည်။

.... ထိုအခါ မိမိ လိုရာကို ပြောဆိုပါ၊ ပြောဆိုသမျှ အောင်မြင်မည်။

.... ဤအစီရင်မှာ ပီယသိဒ္ဓိ သက်သက်ဖြစ်၍ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။

သို့သော် အတည်ယူမည်ဟု ဆုံးဖြတ်ပြီးမှ စီရင်ပါ၊ ထို့ပြင် ကာမေသုမိစ္ဆာစာရကိုလည်း ရှောင်ကြဉ်ပါဟု မူရင်းပေစာ၌ မှာထားချက် ရှိသည်။

## ဥစ္စာစေပျောက်

### မီးထွန်းအင်း အစီအရင်

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

### စီရင်နည်း စီရင်ဟန်

မိမိ၏ ဥစ္စာပစ္စည်းကို သူခိုး ခိုးယူခံရလျှင်ဖြစ်စေ၊ ဓားမြ တိုက် ခံရလျှင် ဖြစ်စေ အထက်ပါ အင်းကို သိမ်ဝင် သပိတ် တွင်၌ ချပါ၊ ပြီးလျှင် မဆစ်ဆီ ငါးကျပ်သား ထည့်၍ တန်ခိုးကြီးဘုရား ရှေ့တော်၌ အောက်ပါ ဂါထာမန္တန်ဖြင့် ၃၇ အပ် ရွတ်ရမည်။

## ဂါထာ

ဥုံ အရပ်ထက်ဝန်းကျင် စောင့်ထချင်သည့် ရှင်နတ်များတို့ မ့တော်မူပါ၊ မတော်မတရား လူမိုက်များအား ထင်ရှားယခုပြုပါ မင်းတကာတို့။

နတ်ဘကာတွင် အခေါင်ချဉ်းသည့် နတ်မင်းမြင်တော်မူပါ။

ဩကြာင်း ဇေယျတု ဇေယျတု အောင်စေသောဝ်။

## အညွန်း

.... ထို့နောက် ယင်း တန့်ခိုးကြီးဘုရား ရှေတော်တွင်ပင်ငှက်ပျောသီး လေးလုံး၊ အုန်းသီးဆံ လေးဆံ၊ လက်ဖက် လေးထုပ်၊ မုန့် လေးရှက်၊ ကွမ်း လေးရွက်တို့ ပသ၍ ပွဲစုံခင်းပြီးလျှင် သိမ်ဝင် သပိတ်ကွဲပေါ်၌ မီးထွန်းရမည်။

.... ထိုအခါ မိမိ၏ ဥစ္စာကို ယူသူများမှာ မနေနိုင်တော့ဘဲ ခိုးယူသွားသော ပစ္စည်းဥစ္စာများ သို့မဟုတ် တိုက်ယူထားသော ပစ္စည်း ဥစ္စာများကို ပြန်၍ လာပေးလိမ့်မည်။

.... သူ၏ အပြစ်ကို ဝန်ခံပြီးလျှင် တောင်းပန်လျှင်လည်း

.... သို့မဟုတ် ဘယ်နေ့ ဘယ်ရက်မှာ လာရောက်ပြီး ပစ္စည်းဥစ္စာများကို ပြန်ပေးပါမည်ဟု ရက်ချိန်း တောင်းလျှင်လည်း တောင်းလိမ့်မည်။

.... အကယ်၍ ရက်ချိန်း တောင်းပါက သူ တောင်းသော ရက်ချိန်းကို မိမိဖက်မှ လိုက်လျောရမည်။

.... မိမိဖက်မှ သဘောထား ကြီးကြောင်းကို ပြသဖို့လို သည်။

.... သဘောထားကြီးကြောင်းကို ပြလိုက်ခြင်းဖြင့် ထို သူ့ အပေါ်၌ မိမိ၏ဩဇာ တစ်စတစ်စ လွှမ်းမိုး လာမည်ကို ဒိဋ္ဌ တွေ့ရှိရလိမ့်မည်။

.... မိမိဖက်မှ မေတ္တာထားနိုင်လေလေ၊ ကရုဏာ ပွားနိုင် လေလေ၊ မိမိဖက်မှ အောင်မြင်လေလေ ဖြစ်သည်ကို သတိပြုရမည်။

.... ထိုအခါ မိမိက ထိုသူ့အပေါ်၌ ပြန်လည်၍ မေတ္တာ ထားဖို့ လိုသည်။ ကရုဏာပွားဖို့ လိုသည်။

ယင်းသို့ ပစ္စည်းယူသူက လာရောက်ကာ ပစ္စည်းပေးအပ် လျှင်သော် လည်းကောင်း၊ တောင်းပန်လျှင်သော် လည်း ကောင်း ထိုသူအား ခွင့်လွှတ်ပါ၊ အပြစ် မပြုပါနှင့်၊ လက်စား မချေပါနှင့်၊ ဤအချက်ကိုတော့ ကြပ်ကြပ်ကြီး သတိ ပြုပါလေ။

ပိယသျှိုဒိမံအစီအရင်



## လူကိုမြင်မြင်ချင်း ချစ်ခင်မြတ်နိုးရုံသာမက

## တောတွင်းတိရစ္ဆာန်များပင် ယဥ်ပါးခင်မင်

## မေတ္တာသက်ဝင်နိုင်သော

## ပီယသျှုဒိပ် အစီအရင်

ဤ 'ပီယသျှုဒိပ်'ကို နှစ်ဖက်မြင် ဝင်နက္ခတ် သိဒ္ဓိစုက်ကြိုက် အင်္ဂါနေ့ ဆွမ်းခံပြန် အချိန်တွင် စီရင်ရမည်။

၁။ ဘုရားဖယောင်း
၂။ နတ်ဖယောင်း
၃။ များဖယောင်း

ယင်း(၃)မျိုးကို နှစ်ကျပ် လေးပဲစီ အပြားပြုရမည်။ အထက်ပါ အချိန်တွင် ဘုရားပွဲ တစ်ပွဲ နတ်ပွဲ တစ်ပွဲ တင်၍ ဖော်ပြထားသော 'ဒိပ်ပုံ'အတိုင်း ရေးရမည်။

**စီရင်နည်း၊ စီရင်ဟန်**

ပထမ – အောက်ခြေ အလယ်မှ 'အောင်ပ ကုလား ဆွဲသား တော်ရင်း'ကို ဝဲဘက် ယာဘက် ရေး၊ အထက်တက်။

ဒုတိယ – ဒုတိယအဆင့် ဝဲဘက် ယာဘက်ရေး၊ နောက် အထက်မှ ဝဲဘက် ယာဘက် အောက်ဆင်း ရေး၊ 'ခ ဍ ဟ ယ' သွင်း၊ ကျန်နှစ်ကွက် တွင် နံ ၄ ခုစီ သွင်း။

တတိယ – ထိုနောက် တိုင် ၃ တိုင်၌ အစဉ်အတိုင်း—

၁။ ပိယော ဒေဝ မနုဿာနံ။

၂။ ဿာနုဝေရော ဗဟုဿတော။

၃။ မေတ္တာဗျာယိ တမော ဈာတိ။

ဟူ၍ ရေးပါ။

စတုတ္ထ – ဝဲဘက် စက်ဝိုင်း၌ 'က ဋ္ဌ သ ဉ' ယာဘက် စက် ဝိုင်း၌ 'ဝ စ ဓ ဗ'

ပဥ္စမ – ဝဲဘက် ယာဘက် 'နှ'သုံးလုံး တပ်ပါ။

ဆဋ္ဌမ – အောက်ပါ ဂါထာမန္တန်ကို အရံအဖြစ် ရေး ရမည်။

**အရံ ဂါထာမန္တန်**

မေတ္တာဥ္စ သဗ္ဗလောကသ္မိံ မာနသံ ဘာဝယေ အပရိမာဏံ။

အောင်ချည်ကို သက်စေ့ မီးစာပြုလုပ်ပါ၊ မြီးလျှင်အောက် ပါဂါထာမန္တန်ဖြင့် (......) ... [illegible]


ဥုံ မေတ္တာဣ သဗ္ဗလောကဿိံ ၊ မာနသံ ဘာဝယေ၊ အပရိမာဏံ၊ ပီယော ဒေဝမနုဿာနံ၊ သာန္တိထေရော ဗဟုဿုတော၊ မေတ္တာဈာယိ တမော ဃာတိ သွဟာ။ ယင်း ဒီပံကို မီးတွန်းညှိ ပူဇော်သောအခါ အရံ ဂါထာ မန္တန်ကို ၇ ခေါက် ရွတ်ဆိုရမည်။

## အညွှန်း

- သဗ္ဗသျှိ ရာဇသျှိ ဣတ္ထိသျှိ ၃ မျိုးလုံးကို ညွှန်းထားသည်၊ သို့သော် ပီယသိဒ္ဓိဖြစ်သော ဣတ္ထိသျှိ၌ အထူး အစွမ်းထက်မြက်လှသည်။
- ယောကျ်ား မိန်းမ မည်သူမဆို မိမိ၏မျက်နှာကို မြင်မြင်ချင်း လေးစားမှု, ရိုသေမှု, ခင်မင်မှု,မြတ်နိုးမှုကို ခံရမည်။
- လူလူချင်းကို မဆိုထားဘိ၊ အတူနေ တိရစ္ဆာန်များနှင့် တောတွင်းနေတိရစ္ဆာန်များပင် မျက်မာန်မယှဉ် မေတ္တာဝင်၍ ယဉ်ယဉ်ပါးပါး မိမိနားသို့ ချဉ်းကပ်လာနိုင်ကြောင်းကို ပေစာမူဟောင်းများ၌အဆိုအမိန့်ပြုထားသော ဒီပံ အစီအရင် ဖြစ်သည်။

ဉာဏ်ရှိလျှင် ဉာဏ်ရှိတိုင်း ချဲ့ထွင် အသုံးပြုနိုင်သော ဒီပံ အစီအရင်တည်း။

# သေနတ် ကျည် ဆန် လွဲ ဒိုင်



# ဘေး, လှံ, သေနတ် ကျံညီဆန့်လဲ့သော

## အန္တရာယ်ကင်း ဒီပံ အစီအရင်

ဤ 'အန္တရာယ်ကင်းဒီပံ' ကို နှစ်ဖက်မြင်, သိဒ္ဓိစုတ်ကြိုက်, တွက်နက္ခတ်, သောကြာနေ့ နေဝန်းပေါ်သောအချိန်တွင် စီရင်ရမည်။

၁။ သိမ်တွင်းမှ ပူဇော်သော ဖယောင်းစက်၊

၂။ တဝဂူဘုရားကို ပူဇော်သော ဖယောင်းစက်၊

၃။ ပျားဖယောင်း၊

ယင်း (၃)မျိုးကို ဆတူ အပြားပြုလုပ်၍ ထားရမည်။ ပြီးလျှင် ဖော်ပြပါ ပုံအတိုင်း ရေးရမည်။

## စီရင်နည်း, စီရင်ဟန်

ပဌမ — ၁၂,ကွက် အင်းချ၊ 'သ,ဠ,က,ဥ'ကို လှည့်၍ အင်းဆန့်ရေးသွင်း။

ဒုတိယ — 'ဓ'ပေါ် 'စ'အုပ်၊ ၎င်းအပေါ် 'ဝ' အုပ်၊ ၎င်းအပေါ် 'ဗ'အုပ်၍ ရေး။

တတိယ — ၉,ကွက် အင်းချ၊ '၃, ၁, ၂, ၄, ဂ, ၇, ၅, ၆'တို့ကို အင်းဆန့်အဖြစ်ရေးသွင်းပါ၊အလယ်အင်းကွက်တွင် နံကိုရေးသွင်းပါ။

စတုတ္ထ — အတိုင်း (၈) ကွက်ချ၊ 'သဗ္ဗော ပါတာ ဝိနဿန္တု' ကို အင်းဆန်အဖြစ် ရေးသွင်းပါ။

ပဉ္စမ — အရုံဂါထာကို ရေးသွင်းပါ။

သိမ်ဝင်ချည် သက်စေ့ မီးစာနှင့် သိပ်ပြီး ဖယောင်းတိုင် ပြုလုပ်ပါ။

ထို့နောက် အောက်ပါ အရုံဂါထာမန္တန်နှင့် ၁၀၈ အုပ် ရွတ်ရမည်။

## အရုံဂါထာ

ဩ နမော ဗုဒ္ဓါယ သိဒ္ဓံ သဟဋ္ဌအာ ဓစဆဈ
ဋ ဌ ဍ ဏ မ က ခ ဂ ဃ ဝါ ပ ဖ ဗ ဘ ဉာ
စတုဓာတု ပသိဒ္ဓိယာ သဗ္ဗအန္တရာယာ သဗ္ဗပါပါ
ဝိနဿန္တု။

ပြီးလျှင် ငါးပါးသီလ ခံယူ၍ ဤအန္တရာယ်ကင်း ဒီပံကို မီးထွန်းညှိ ပူဇော်ရမည်။

## အညွှန်း

— ဥပစ္ဆေဒက ဘေးရန်များ ဖြစ်သော ဓား, လှံ, သေနတ်, အမြောက်, စိန်ပြောင်း, ဗုံး စသော လက်နက်များ ကင်းဝေးမည်၊ ကျည်ဆန်များ လွဲရမည်။

- ရုပ်ထား, နာမ်ထား, ဆေးဝါး, အင်းအိုင် စသော သူပြု လူပြုများ မပြုလုပ်နိုင်။
- ဖုတ်, ပြိတ္တာ, တစ္ဆေ, သူရဲ စသော မကောင်း ဆိုးဝါး အန္တရာယ်များ မကပ်ရောက်နိုင်။
- ငှက်ဆိုး,လင်းတ,ခွေးအ အစရှိသော အတိတ်ဆိုး, နိမိတ်ဆိုးများ မတွေ့နိုင် မကြုံနိုင်။
- ရေ,မီး,မင်း,ခိုးသူ,မချစ်မနှစ်သက်သူ ဟူသော ရန်သူမျိုး ငါးပါးတို့ မနှောင့်ယှက်မဖျက်ဆီးနိုင်။

အထူး သတိပြုရန်မှာ ဤအန္တရာယ်ကင်းဒိပ်ကို စီရင် မီးတွန်း ပူဇော်သောအခါ ငါးပါးသီလကိုတော့ လုံခြုံ အောင် ထိန်းသိမ်းရန်ပင် ဖြစ်သည်။

....င....

# လက်စွပ်-ခေါင်းစွပ်-လက်ဖွဲ့

## အစီအရင် ကဏ္ဍ

မြန်မာဘုရင် အဆက်ဆက်က

**မင်းသားကြီးများ, စစ်သူကြီးများ အမြဲလက်သုံးပြုခဲ့သော ခေါင်းစွပ် လက်ဖွဲ့ အစီအရင်**

နက္ခတ္တခပါတ် ကောင်းသော အချိန်တွင် ၂၄ ပစ္စည်း ကို ၃ ပစ္စည်းလျှင် တစ်လုံးကျ သိမ်ဝင် ကြေးပြား၌ရေး၍ လက်ဖွဲ့ ရှစ်လုံး လုပ်ရမည်။

သိမ်ဝင်ချည်ကို ကျစ်၍ အစဉ်အတိုင်းသိပြီးလျှင် မိမိ၏ ဦးခေါင်းနှင့် တော်အောင် လုပ်ရမည်။ ထို့နောက်....

**စီရင်နည်း စီရင်ဟန်**

| | | | |
|---|---|---|---|
| ဣတိပိသော | — | ၁၀၈ | အုပ် |
| သွာက္ခာတော | — | ၁၀၈ | အုပ် |
| သုပ္ပဋိပန္နော | — | ၁၀၈ | အုပ် |
| ၂၄ ပစ္စည်း | — | ၁၀၈ | အုပ် |
| ဝန္ဒသုတ်(ငုံးမင်းပရိတ်) | — | ၁၀၈ | အုပ် |

အသီး အသီး စုတ်ကာ တစ်နေ့တည်း, တစ်ကြိမ်တည်းနှင့် ပြီးစီးအောင် စီရင်ရမည်။

ပြီးလျှင် ရှိသေစွာ ဆောင်ထားရမည်။

ဤလက်ဖွဲ့ကို စီရင်သောအခါ သက်သတ်လွတ် စား၍ ဥပုသ်စောင့်ရမည်၊ ရတနာသုံးပါးအတွက် ပွဲ ၃ ပွဲ ပြင်ပြီးလျှင် ဆီမီး ၃ တိုင်ထွန်း၍ စီရင်ရမည်၊ ယင်းသို့ စီရင်နေစဉ် အတွင်း လူအဝင်အထွက် မရှိစေရ။

ဤလက်ဖွဲ့ကို ဆောင်ထားသူသည် နေ့စဉ် အိပ်ရာဝင်၌ ၂၄ ပစ္စည်းတို့ တနင်္ဂနွေထောင့်မှ စ၍ တစ်ထောင့်လျှင် ၃ ပစ္စည်းကျ ထောင့်ရှစ်ထောင့် ဆ ့အောင် ၃ ပတ် ရွတ်ရမည်၊ နံနက်အိပ်ရာမှ ထ ့သောအခါ၌လည်း ဤနည်းတူ ရွတ်ရမည်၊ ဤဝတ်ကို မပျက်စေရပေ။

## အညွှန်း

.... ဤလက်ဖွဲ့ကို ဆောင်ထားပါက ဘေးဥပဒ် ရန်မာန် အန္တရာယ်အမျိုးမျိုး ကင်းရှင်းမည်။

.... စစ်မြေပြင်၌ တစ်ဖက်ရန်သူကို အောင်မြင်နိုင်မည်။

.... စုန်း ပယောဂ ဖုတ် တစ္ဆေ စသည်တို့ကို ကာကွယ်နိုင်မည်။

.... ထိုမျှမကသေး ကိုယ်ပင်ပျောက်စေနိုင်သေးသည်ဟု အညွှန်းရှိသည်၊

.... အရေးတစ်စုံ ကိုယ်၌ကြုံလာပါက ဦးခေါင်း၌ စွပ်ပါလေ။

ရွှေးမြန်မာ ဘုရင်မင်းမြတ်များ လက်ထက်တော်က မင်းသားကြီးများ၊ စစ်သူကြီးများ လက်စွဲ အသုံးပြုကာ အမြဲဆောင်ထားလေ့ရှိသော ခေါင်းစွပ်လက်ဖွဲ့ဖြစ်သည်။

ဗားမဲ့ဆရာတော်၏ လက်တွေ့နည်းနာနည်းပညာရပ်များ ကား မယုံကြည်နိုင်လောက်အောင် အစွမ်းသတ္တိ ထက်မြက်လှသော နည်းများပင်တည်း။

....o....

## ကျားမျက်ကွင်းလက်စွပ် အစီအရင်

ကျားမျက်ကွင်းကို လက်စွပ် လုပ်ရမည်၊ ထို့နောက် ဘုရားရှေ့တွင် ပွဲစုံခင်း၍ အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

### ဂါထာ

ဥုံ ပုထုလံ နာရီတေ ဘာဝံ ဂစ္ဆာဟိ
ဟွတ်ဟာဟွတ်။

ယင်းသို့ စီရင်ပြီးလျှင် ရှိသေစွာ သိမ်းထားပါ၊ အလို ရှိသောအခါကျမှ သုံးပါ။

### အညွန်း

.... အရေးကြုံလာသောအခါ ဤလက်စွပ် ဝတ်၍ ဆောင်ပါ၊

.... အညွှန်းကို အကျယ်ရေးမထားပေ၊ 'သဗ္ဗသိဒ္ဓေဟ အပြီးတိုင် ဆောင်သမျှ မအောင်၏' ဟုသာ ရေးထားသည်။

ထို့ကြောင့် 'သဗ္ဗသိဒ္ဓေဟ' ဟု ဆိုသဖြင့် သုံးစွဲသူ ဉာဏ်ရှိက ဉာဏ်ရှိသမျှ အကျိုးခံစားရမည့် လက်စွပ်ဖြစ်သည်။

....၀....

## ကြံ့ချီ လက်စွပ် အစီအရင်

ကြံ့ချီကို နဂါးအမြီးငုံ လက်စွပ် ထုရမည်၊ အတွင်း၌ အောက်ပါ အက္ခရာကို ရေးရမည်။

ဩြောင်း စကြာဝသဝါပစ္စံ ပစ္စရံတာ ဟဲ ဟဲ။

ဤအက္ခရာကို ရေးပြီးလျှင် ဘုရားရှေ့၌ လည်းကောင်း, နတ်ရှေ့၌လည်းကောင်း အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၀၀) အုပ်စီ စုတ်ရမည်။

ဂါထာ

ဩြောင်း စတုတရောင် ဟပ်ဇောနာ အဟံတော စက္ကဝါတော ဟုတ်ဟုတ်။

ယင်းသို့ စီရင်ပြီးလျှင် လက်စွပ်ကို ရိုသေစွာ သိမ်းထားပါ။

အညွှန်း

.... ယင်းလက်စွပ်ကို ဆောင်သောအခါ လက်သူကြွယ်တွင် ဝတ်၍ ဆောင်ရမည်။

— ဇာတသို၊ ဣဋ္ဌိသို၊ သဗ္ဗသို မျှား၌ အစွမ်းထက်မြက်လှသည်။

သို သုံးပါးလုံး၌ အပြီးတိုင်အောင် စွမ်းဆောင်နိုင်သော လက်စွပ်ဖြစ်၍ မိမိလိုသော သိုအတွက် ဉာဏ်ရှိသလို သုံးစွဲနိုင်သည်။

....o....

ကိုယ်ပျောက် နှင့် အိပ်မွေ့ချ

**ကူးတို့ခ လက်ဖွဲ့ အစီအရင်**

သူသေ၍ ထည့်သော ကူးတို့ခငွေကို အပြားခတ်ပြီးလျှင် နတ်ရဲသော ညောင်ပင်အောက်တွင် အောက်ပါ ဂါထာမန္တန်ကို ယင်းငွေပြား၌ (၃)ကြောင်း ရေးရမည်။

ဂါထာ

ဥုံ အိပ်ပျော်ရာဇာ၊ မာတာပိတု မန္ဒံသာမန္ဒိကံ၊ ကတေ ဟောသ မထုတ္တံ သွားဟ။

**စီရင်နည်း စီရင်ဟန်**

ထို့နောက် ငွေပြားကို လိပ်ပြီးလျှင် နေ့ကောင်းရက်သာ ရွေး၍ နတ်ပွဲယမကာ အစုံအလင်ဖြင့် ယင်းနတ်ရဲသော ညောင်ပင်အောက်မှာပင် အထက်ပါ ဂါထာဖြင့် ယင်းလက်ဖွဲ့ကို (၅၀၀၀)အုပ် ပြည့်အောင် စုတ်ရမည်။

ထိုအခါ သစ်ပင်ပေါ်က နတ်ဆင်းလာလိမ့်မည်။

## အှညွန်း

.... ယင်း လက်ဖွဲ့မှာ ရှိန်းဆာယာ နှင့် အိပ်မွေ့ ကောင်းလှ၏။

.... နေ့ဘက် ထပ်မံ၍ ခေါင်းမြီးခြုံပြီးလျှင် ၅၀၀၀ အုပ် စုတ်ပါက ရာဇသျှိ သဗ္ဗသျှိန္ဒြ အပြီးတိုင် စွမ်းလှ၏။

.... ဉာဏ်ရှိတိုင်း ချွတ်ထွင် သုံးစွဲဘတ်ပါက သုံးစွဲတတ် သသောက် ခရီးရောက်သော လက်ဖွဲ့တည်း။

ဉာဏ်ရှိလျှင် ဉာဏ်ရှိသလောက် ချွတ်ထွင် အသုံးပြုနိုင်သော်လည်း သစ္စာရှိရှိ, ကတိတည်တည်ဖြင့် အသုံးပြုဖို့ကိုတော့ အထူး သတိပြုရမည်။

....၀....

## သေနတ်ပြီး လက်ဖွဲ့အစီအရင်

.... စနေနေ့လည်း ဖြစ်ရမည်။

.... လကွယ်နေ့လည်း ဖြစ်ရမည်။

ယင်းနှစ်နေ့ ဆုံမိသော နေ့၌ ရေမှာ ငုပ်၍ ငွေပြားတွင် 'နငယ် ကွင်းပိတ်' ခေါ် နငယ် ရရစ်ကို ရေးရမည်။

### စီရင်နည်း စီရင်ပုံ

ထို့နောက် ယင်းငွေပြားကို လိပ်၍ လက်ဖွဲ့ထိုးပါ။

**အညွှန်း၊**

.... ယင်းလက်ဖွဲ့ကို ဆောင်ထားပါက သေနတ်ပြီး၏။
— လက်ကိုင်ပဝါဖြင့် ငွေပြားကို ထုပ်၍ သေနတ်နှင့် စမ်းကြည့်လျှင် မီးမထွက်ကြောင်း ကိုယ်တွေ့ တွေ့ရလိမ့်မည်။

သို့သော် နငယ်ကွင်းပိက်ကို ရေးသောအခါ၌ ရရစ်မှာ တိတိကျကျ ဆက်မိဖို့လိုသည်၊ ဆက်မိပြီး ပီပီသသရှိမှ အောင်မြင်မည်ကို သတိပြုပါ။

.... ၀ ....

**ပိယသျှိ လက်စွပ် အစီ အရင်**

မျောက်မ၏ တန်ဆာကို လှီး၍ မိမိ၏ လက်နှင့် တန်ရုံ တုတ်ကို လုပ်ပြီးလျှင် ယင်းတုတ်၌ မျောက်မ၏ တန်ဆာကို စွပ်၍ နေပူလှန်းရမည်။

**စီရင်နည်း စီရင်ဟန်**

ခြောက်လျှင် အောင်ချည် ရစ်၍ ရွှေခုနစ်ထပ်ချပြီးလျှင် ပွဲနတ်ယမကာ ခင်းကျင်းလျက် အောက်ပါ ဂါထာမန္တာန် ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

**ဂါထာ**

(၁) ဥုံ မဂ္ဂတစ်စု မဂ္ဂရာဇာ သွားဟဲ့ယျက်ပ်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့်လည်း ၁၀၉၀ အုပ် စုတ်လေဦး။

ဂါထာ

(၂) ဥုံ မက္ကဋ္ဌပိစိတ် သွားဟဲ့ယျကပ်။

**အညွန်း**

— မင်းအိမ်သို့ သွားလိုသော် ယင်းမျောက်မတန်ဆာကို လက်ညှိုး၌ ဝတ်ပြီးလျှင် အမှတ် ၁ ဂါထာမန္တန်ဖြင့် ၇ အုပ် နှိုးပြီးမှ အမှတ်မထင် လက်ညှိုးညွှန်ဟန် ပြု၍ လိုရာကို ပြောရမည်၊ ပြောသမျှ အောင်မြင်မည်။

.... လုပ်ငန်းဆောင်တာ တစ်ခုခုကို ပြောဆို ဆောင်ရွက်လျှင်လည်း အမှတ် ၁ ဂါထာမန္တန်ဖြင့် ၇ အုပ် နှိုးပြီးမှ ပြောဆိုပါ၊ ကျိန်းသေ အောင်မြင်မည်။

.... မိန်းမကို လိုသော် မိန်းမ၏ အနီးသို့ ရောက်လျှင် အမှတ် ၂ ဂါထာမန္တန်ဖြင့် ၇ အုပ် နှိုးပြီးမှ လက်ညှိုးညွှန်၍ လိုရာစကားကို ပြောပါက ပြောသမျှ အောင်မြင်လိမ့်မည်။

.... ပီယသျှိုအရာ၌ အတုမရှိသော အစီအရင်တည်း။

ထိုသော် မိန်းမပျိုကို ကျောရုံ့ ရှုံ့တော့ မကြံပါနှင့်၊ ကာမေသုကိုလည်း ရှောင်ကြဉ်ပါ၊ သို့မှသာ အစွမ်းထက်မြက်မည် ဖြစ်သည်။

ပီယသျို၊ ဖိယသိဒ္ဓိ

## ဖေ့ာင်စီး လက်ဖွဲ့ အစီအရင်

မိန်းမနှင့် ကာမစပ်ယှက်နေစဉ်အတွင်း ငွေပြားကို မိန်းမ၏
.... နဖူးပေါ်မှာတင်၍ 'န' အက္ခရာ ရေးပါ။
.... လည်ချောင်းပေါ်မှာတင်၍ 'တ' အက္ခရာရေးပါ။
.... ရင်ဘတ်ပေါ်မှာ တင်၍ 'လ' အက္ခရာ ရေးပါ။

## စီရင်နည်း စီရင်ဟန်

ထို့နောက် လက်ဖွဲ့နှစ်လုံးလုပ်၍ တစ်လုံးကို မိမိက ငုံပြီးလျှင် တစ်လုံးကို မိန်းမအား ငုံခိုင်းထားပါ၊ ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

## ဂါထာ

ဥုံ န တ လ

## အညွှန်း

.... ယင်းသို့ စီရင်ပြီးမှ မိမိငုံသော လက်ဖွဲ့ကို သူမအား ပေး၍၊
.... သူမ ငုံသော လက်ဖွဲ့ကို ကိုယ်က ယူပြီးလျှင် ဆောင် ပါ။

- အလိုရှိသောအခါ ယင်းလက်ဖွဲ့ကို လက်တွင်ကိုင်၍ 'ပူးဟဲ့ ပူးဟဲ့' ဆိုပြီး ပွတ်ရမည်။
- ပီယသျှုတွင် အတုမရှိတည်း။

သို့သော် ကာမစပ်ယှက်သော မိန်းမမှာ ပြည့်တန်ဆာ အဆင့်သို့ မရောက်သေးသော အရပ်ပျက် မိန်းမမျိုး ဖြစ်ဖို့ လိုသည်။ သို့မှသာ ပိုမို အစွမ်းထက်မြက်မည်။

....ဝ....

## သေနတ်မီးမကူးသော နငယ် နပင်းပိတ်

## လက်ဖွဲ့အစီအရင်

ရေထဲမှာ ငုပ်၍ ငွေပြား၌ နငယ် နပင်းပိတ် ရေးရမည်၊ ပြီးလျှင် လိပ်၍ လက်ဖွဲ့ထိုးရမည်၊ ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ရေဆိပ်မှာပင် ၃၇ အုပ် စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ သောဥတ္တိ ဒုမနိ သမနိ။

### အညွှန်း

- အသုံးပြုလိုသောအခါ ယင်းလက်ဖွဲ့ကို နှုတ်မှာငုံပါ၊ ရာဇ သဗ္ဗ ဂုဏ္ဍံ သျှိုသုံးပါး၌ အမြဲး တိုင်၏။

- ကိုယ်၌ အမြဲဆောင်လျှင် ဘေးရန်ကင်း၏။
- သားမဖွားနိုင်လျှင် ဆံထုံးထဲမှာ ထားက အမြန်သားဖွား၏။
- စုန်း ပယောဂပူးကပ်လျှင် ရေပြန်နှင့် တောက်က ပျောက်ကင်း၏။
- အထူးသဖြင့် ကာယသိဒ္ဓိ၌ စွမ်းလှ၏။

## စမ်းသပ်နည်း

စမ်းသပ်လိုပါက ယင်းလက်ဖွဲ့ကို ပဝါစွန်းမှာ ချည်၍ မြားနှင့်ပစ်ပါ၊ မစူး မပေါက်က အောင်ပြီဟုမှတ်၊ သို့မဟုတ် သေနတ်နှင့် ပစ်ကြည့်ပါ၊ မီးမကူးက အောင်ပြီဟုမှတ်ရမည်။

သို့သော် ရေထဲ၌ ငွေပြားတွင် ရေးစဉ်က နငယ်နပင်းပိတ်မှာ မပိတ်မစပ်ဘဲ နေတတ်သည်၊ မပိတ်မစပ်က မအောင်မြင်ပေ။

**မှတ်ချက်** .... ဤ၌ 'နငယ် နပင်းပိတ်' ဆိုသည်မှာ နငယ်ကို ရရစ် ပိတ်အောင် ရေးဆွဲထားခြင်းကိုဆို၏။

....၀....

## နွားတင်ငုံ ပီယသိဒ္ဓိ စ မ လက်ဖွဲ့ အစီအရင်

ရွှေပြား၌ဖြစ်စေ၊ ငွေပြား၌ဖြစ်စေ စ မ ဗ ၀ ဟူသော စမအက္ခရာ လေးလုံးကို ရေးပါ။ ထို့နောက်—

'စ' ၏ အလယ်၌ – 'ထ'ကို လည်းကောင်း
'ခ' ၏ အလယ်၌ – 'ခ'ကို လည်းကောင်း
'ဗ' ၏ အလယ်၌ – 'က'ကို လည်းကောင်း
'ဓ' ၏ အလယ်၌ – 'သ'ကို လည်းကောင်း
အသီးအသီး ထပ်မံရေးပြီးလျှင် နှစ်ဖက်ခေါက်၍လိပ်ရမည်။

## စီရင်နည်း၊ စီရင်ဟန်

ပြီးလျှင် မိမိ၏မွေးနံနှင့်နံသင့်ဘုရားရှေ့၌ ဘုရားဂုဏ်တော်နှင့် ၁၀၈ အုပ် သမ္ဗုဒ္ဓေနှင့် ၁၀၈ အုပ်စီ အသီးသီး စုတ်ရမည်။

## အညွှန်း

– အရေးတစ်စုံ ကြုံလာသောအခါ၌ ယင်းလက်ဖွဲ့ကို ငုံပါလေ၊ ရာဇသျှို သဗ္ဗသျှို ဋတ္တိသျှို တည်းဟူသော သျှိုသုံးပါး၌ အစွမ်းထက်မြက်လှ၏။
– အပါး ၃၀ ပြီးသည်ဟု ရှေးဆရာကြီးများ အမှာအထား ပြုထားကြသည်။

အပါး ၃၀ ပြီးသည်ဟု ညွှန်းထားသဖြင့် ဉာဏ်ရှိကဉာဏ်ရှိတိုင်း အမျိုးမျိုးချဲ့ထွင် အသုံးပြုနိုင်သော အစီအရင်တည်း။

# ဆေးနှင့် ဆေးပင် အစီအရင် ကဏ္ဍ

## အမိန့်နှင့် နှမကိုပင် မကြည့်ရသော

## အဖြင်, အကြားရသည့် သျှိုသုံးပါးဆေး

## စီရင်နည်း၊ စီရင်ဟန်

၁။ ကျွဲလျှာ
၂။ စပါးကြီးချက်
၃။ မဟာပိန္နဲ တင်သောပန်း
၄။ ဂမုန်းနီ
၅။ လူကာငွေခန္တီ
၆။ ကြာဇူ
၇။ ထိကရုံး
၈။ ရှားပုံ
၉။ နံ့သာဖြူ
၁၀။ နံ့သာနီ
၁၁။ ဆင်မှုန်ကြီး
၁၂။ ပိတောက်မှို
၁၃။ ဇလပ်နီ
၁၄။ ပုဏ္ဏရိုက်
၁၅။ ဓူလသာရမူလိ

ဤဆေး ၁၅ မျိုးကို အမျှစီ စု၍ မယားကြီးရေနှင့် ကြိတ်၊ ကြိတ်သောအခါ အမွေးအထုံ စုံလင်စွာ ပသ၍ ကြိတ်ရမည်၊ ပြီးလျှင် အတောင့်လုပ်၍ ထားပါ။

ကြိတ်သောအခါ ကျောက်ပြင်ကို လှည့်၍ အောက်ပါ ဆုတောင်းကို တတ်နိုင်သမျှ ရွတ်ဆိုပါ။

## ဆုတောင်း

အို....ဘုန်းတော် ခြောက်စုံ၊ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသောသဗ္ဗညု ဘုရားရှင်....၊ အို....ပစ္စေက ဗုဒ္ဓါဘုရားရှင်....၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် ဒိဗ္ဗ စက္ခုဉာဏ် အာသဝက္ခယဉာဏ် ဤဉာဏ်တော် သုံးပါးကို ဘုရားတပည့်တော်အား သနားကယ်မတော် မူပါ အရှင်ဘုရား။

## အညွန်း

- ဤဆေးကို ဆောင်ရုံ ဆောင်ထားကာမျှဖြင့် သို့ သုံးပါးတွင် အတုမရှိ အစွမ်းထက်လှ၏၊
- ဆောင်၍သွားသော်အရပ်တစ်ပါး၌ဖြစ်စေကာမူ မ,စမည့်သူ ပေါ်လာလိမ့်မည်၊
- အကြီးအကဲများ၏ ကြည့်ရှုစောင်မမှု ခံရမည်။
- အထက်လူကြီးများထံ အာဒရးကိစ္စရှိ၍သွားပါက ဤဆေးဖြင့် လက်ကို သုတ်ပြီး မျက်စိ၌ ကွင်းပြီး လျှင် အထက်လူကြီးကို စိုက်ကြည့်၊ လက်အုပ်ချီ အရိုအသေ ပြုပါ၊ သွားရင်းနှင့်မခြား ကြင်နာ ယုယစွာ ကျေးဇူးပြုလိမ့်မည်။
- တောလမ်းခရီး ထွက်လိုသော်ယင်းဆေးကို မဟာ ဂိရိဧရနှင့် မျက်စိကိုကွင်းပြီးလျှင် သစ်ပင်ကိုကြည့်

ပါ၊ တောသရဲ သူသေအား ကိုင်ဆောင်းလာသည်ကို မြင်လျှင် ယင်းလမ်းခရီးကို မသွားလေနှင့်။

- ယင်းဆေးကို ခါးမှာချည်၍ မိမိ အလိုရှိသောအမျိုးသမီးအား အိပ်မက် မက်စေရန် ညွှန်ကြားအမိန့်ပေးပါက အမိန့်ပေးသည့်အတိုင်း အိပ်မက်မက်လိမ့်မည်။

- ယင်းဆေးကို နှုတ်ခမ်း, နားရွက်, နှာခေါင်း, လက်ဖျားတို့ကို သုတ်ထားပါက သူခပ်သိမ်းချစ်၏၊ ကြံသမျှ ပြီးမြောက်အောင်မြင်မည်။

- ယင်းဆေးကို မဟာဂီရိရေနှင့် သွေး၍ မျက်စိကိုသုတ်ကြည့်လျှင် အကြည့်ခံရသူ အမျိုးသမီးကလွန်စွာ မဆည်နိုင်အောင် ဖြစ်လာလိမ့်မည်၊ အကြည့်မခံဝံ့ဘဲ ရှိလိမ့်မည်။

- မိမိ၏ အမိနှင့် နှမများကိုမူ လုံးဝ မကြည့်ပါနှင့်၊ အထူး ရှောင်ကြဉ်ပါ၊ အထူး သတိပြုပါ။

- အမျိုးသမီးများကို စိတ်ထင်တိုင်း မကြည့်ပါနှင့်၊ သစ္စာရှိရှိနှင့် အတည်ကြံမှ ကြည့်ရှုပါ။

အကြားအမြင်ရသောဆေးဖြစ်သည်၊ အမြဲဆောင်ယားရုံမျှဖြင့် အတုမရှိသော ကောင်းကျိုးသုခ အနန္တကို ရရှိနိုင်သည်၊ ဥဘက်ရှိသလောက် ချဲ့ထွင်သုံးစွဲနိုင်ပါသည်။

သို့သော် အမျိုးသမီးများနှင့်ပတ်သက်ပါက သစ္စာရှိဖို့တော့ အထူးမှာထားပါရစေ။

....ဝ....

**သဗ္ဗာရကာ**

ပီယဆေး အစီအရင်

**စီရင်နည်း - စီရင်ဟန်**

၁။ နွားမနက် နို့ရည်
၂။ မျောက်သည်းခြေ
၃။ တောက်တဲ့သွေး
၄။ နံ့သာငါးပါး

ဤဆေးလေးမျိုးကို အမျှစီ စုပါ၊ ညက်စွာ ကြိတ်၍ အတောင့် ပြုလုပ်ထားခဲ့မည်။

**အညွှန်း**

- ယင်းဆေးကို နဖူး ဆံစပ္ပ လိမ်းသပ်၍သွားသော် ၇ ရက် သားသမီးတို့ ချစ်ခင်မြတ်နိုးခြင်းကို ခံရမည်။
- မျက်စိကိုကွင်းပြီးလျှင် တစ်ကိုယ်လုံးလိမ်းသပ်၍ သွားသော် နတ်သားကြွလာသကဲ့သို့ ထင်မှတ်၍ အလွန် ရိုသေလေးစားခြင်းကို ခံရမည်။
- ချည်ခင်ကို သုတ်သော် ဥဗျိုင်းငှက် ဖြစ်မည်။
- မဲခင်ကို သုတ်သော် ကျီးငှက် ဖြစ်မည်။

– ကြီးမားသော ရေအိုးကြီး၌ ရေအပြည့်ထည့်ပြီးလျှင် ယင်းအိုး၏ နှုတ်ခမ်းကို ဤဆေးဖြင့် သုတ်ပါ၊ ပြီးလျှင် ယင်းရေအိုးကြီးကို မ,ချီပါ၊ ရေအိုးကြီးမှာ ဖက်ရွက်ကဲ့သို့ ပေါ့ပါးပြီး မ,ချီသည့် အတိုင်း ကြွတက်လာလိမ့်မည်။

'သဗ္ဗာရဏ ပီယဆေး' ဟု အမည်ပေးထားသည့်အတိုင်း မိမိ ဥာဏ်ရှိတိုင်း အမျိုးမျိုးတိထွင် သုံးစွဲနိုင်ပါသည်။

....o....

**ဂုဏ္ဍာသယဆေး အစီအရင်**

စီရင်နည်း စီရင်ဟန်

၁။ ပုတ်သင်ညိုသည်းခြေ
၂။ လင်ကောင်ပိုးသည်းခြေ
၃။ ငါးရံ့တိုင်း (ဒိုင်း) သည်းခြေ
၄။ ကြက်မနက် သည်းခြေ
၅။ မြွေဖယောင်း
၆။ သစ်အိပ်ဆယ်ပါး ပဥ္စငါးပါး

ဤဆေးများကို အမှုစိစုဆောင်း၍ ညက်စွာကြိတ်ပါ၊ ပြီးလျှင်ဓာန်ခိုးကြီး ဘုရားဒွေတွင် ပွဲစိုးခင်းပါ၊ ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၀၀ ပြည့်အောင် စုတ်ရမည်။

ဂါထာ

သျှိုင်သလင် လယာစပွိန် ကေပွတ် အာဟပ်
ဏူ အတွတ်။

ဂါထာမန္တန် ၁၀၀၀ စုတ်ပြီးပါက ယင်းဆေးကို ရွှေကြုတ်ဖြင့် ဖြစ်စေ၊ ငွေကြုတ်ဖြင့် ဖြစ်စေ ထည့်သွင်းထားရမည်။

အညွှန်း

.... ယင်းဆေးဖြင့် ဝမ်းဗိုက်ကို လိမ်းသပ်ထားလျှင် နတ်သားဘမျှ ထင်မှတ်ကာ ၇ ရက်သားသမီးများ အနားက မခွာနိုင်ပြီ။
.... ယင်းဆေးဖြင့် နားတွင်းသို့ ကြပ်လျှင် ခရီး တစ်တိုင်ကျော်က ပြောသောစကားသံကို ပြောသောစကားသံအတိုင်း ကြားရမည်။
.... တရားတပေါင် ရင်ဆိုင်တွေ့ကြုံရလျှင် နှုတ်ခမ်းတွင် သုတ်၍ တရားဆိုပါ၊ ကျိန်းသေ အမှုအောင်မြင်ရမည်။
.... မိမိ အလိုရှိသော မိန်းမနှင့် စကားပြောသောအခါ၌လည်း နှုတ်ခမ်းတွင်သုတ်၍ စကားပြောပါ၊ မိမိအလိုရှိတိုင်း လိုက် လျော လိမ့် မည်၊ အောင်မြင်လိမ့်မည်၊ သို့သော် မိမိဖက်မှ သစ္စာရှိဖို့တော့ သတိပြုပါလေ။

'ဣန္ဒာသယဆေး' ဖြစ်သောကြောင့် မိမိ အလိုရှိရာကို ဥာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲနိုင်သည်။

[ **မှတ်ချက်**—ဤ၌ သစ်အိုပ်ဆယ်ပါး ဟူသည်မှာ.... စိန်ပန်း ဇော်ဂျီဦးထုပ်, ရေသကျည်း, ပုန်းညက်, ထိက ရုံး, ဒန့်ကျဲ, စစ်ကြီး အစရှိသည်တို့ကို အရင်းပြု၍ စုဆောင်းပြီးမှ ဦးရေ ဆယ်မျိုး ပြည့်အောင် ရွက်အိုပ်သစ်ပင်တို့ကို ရှာဖွေစုဆောင်း ထည့်သွင်းရမည်၊ သို့ရာတွင် မန်ကျည်း အစရှိသော ချဉ်သော သစ်ပင်တို့ကို မထည့်သွင်းရပေ၊ သတိရှိကြစေ။ ]

....၀....

**ပဉ္စလက်ဆေးကြီး အစီအရင်**

**စီရင်နည်း စီရင်ဟန်**

၁။ သင်း၀င်ပေါက်ဖြူ ပင်ပျို ပဥ္စင်ါးပါး
၂။ ကြက်ဆူရိုးနီစေ့
၃။ မိုးကြိုးသွား
၄။ ၀ါခေါင်လကို ၀င်သည့် အောင်ခြည်
၅။ မိချောင်း သည်းခြေ
၆။ ပုန်းညက်ပွင့်

ဂ။ သင်းလိပ်ဆီ
ဃ။ အိမ်မြှောင်ဥ

ဤဆေး ၉ မျိုးကို အမှုန့်စီရင်၍ ညက်စွာကြိတ်ပါ၊ ပြီးလျှင် ဝါးပုံကျည်ထောက်တွင် ထည့်ထားပါ။

ထိုနောက် နတ်စင်၌ ပွဲတင်ပြီးလျှင် အောက်ပါဂါထာမန္တန်ဖြင့် ၁၀၀၀ စုတ်ရမည်။

**ဂါထာ**

ဥုံ ယူယူ–မဟာယူယူ ဆေးစုပုပ္ပတ္တသွာ။

**အညွှန်း**

.... ယင်းဆေးဖြင့် ပုဆိုးကို ဖြစ်စေ၊ ထဘီကိုဖြစ်စေ၊ အမှတ်မဲ့ သုတ်ထားပါက ဝတ်၍ မမြဲနိုင်ပြီ၊ ဝတ်တိုင်း ဝတ်တိုင်း ကျွတ်၍ ကျွတ်၍သာ ကျနေတော့သည်။

.... ကျွဲများ၊ နွားများအား ချည်သော ကြိုးပြတ်ကို ဤဆေးဖြင့် သုတ်လိမ်းပါက မြွေဖြစ်၏။

.... ရေအိုး၏ မျက်နှာဝကို ပတ်၍ သုတ်ထားသော် ယင်းအိုး၌ မည်မျှလောက်ပင် ရေထည့်သော်လည်း ရေမပြည့်နိုင်ပြီ။

.... ဒါရကို သုတ်လျှင် ကျင်း၏။

.... ဇအိုကို သုတ်လျှင် ထိုင်သောနေရာ ဟူသရွေ့နှင့် ကပ်နေ၏။

.... ခံတွင်းကိုသုတ်လျှင် 'ဟာ, ဟာ' ဆိုလျက် နေရ၏။

.... လက်ဝါးနှစ်ဖက်ကို သုတ်၍ လက်ဝါးချင်း ခတ်လျှင် မီးပွင့်လိမ့်မည်။

.... ခြေဖဝါး, လက်ဖဝါး တို့ကို သုတ်၍ ချောလှသော တိုင်များ သို့မဟုတ် သစ်ပင်များကို တက်သော်လည်း လျှော၍ မကျနိုင်ပေ၊ စေးကပ်နေလိမ့်မည်။

.... ထမင်းဟင်း ချက်ရာ၌ ယင်းဆေးခတ်လျှင် ချက်၍ မကျက်နိုင်ပြီ။

.... လက်ညှိုး၌ အဝတ် ပုဆိုး စသည်တို့ကို လက်ညှိုးဖြင့် ညွှန်သော် ညွှန်သမျှ အဝတ်, ပုဆိုးများ ပေါက်ထွက်လိမ့်မည်။

'ပဉ္စလက်ဆေး'ဖြစ်သည့်အတိုင်း ပဉ္စလက်နှင့် ဆိုင်ရာဇာဂူသမျှ၌ ဉာဏ်ရှိတိုင်း အမျိုးမျိုး တီထွင် သုံးစွဲနိုင်သည်။

## ဖြေဆေး

ဤ ပဉ္စလက်ဆေးကြောင့် ပြောင်းလဲသွားသမျှကို မူလအတိုင်း ပြန်ဖြစ်အောင် ဖြေရန်ဆေးမှာ ရေလုံအိုးကွဲကို ရေစိမ်၍ ပက်ဖျန်းရမည်၊ နဂို မူလအတိုင်း ပြန်ဖြစ်လိမ့်မည်။

## ဓေါင်း ဂမုန်း (ဖို၊ မ)အစိအရင်

### စိုက်ပျိုးနည်း စိုက်ပျိုးဟန်

ဒေါင်းဂမုန်းကို သိရှိသူက များကြသည်၊ သို့သော် စိုက်ပျိုးနည်း စိုက်ပျိုးဟန်မှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ မတူကြပုံမှာ....

.... အချို့က သာမန်ရိုးရိုး စိုက်ပျိုးကြ၍
.... အချို့က ဝိဇ္ဇာယာန ပညာတတ်ကျွမ်းသူများ၏
အကူအညီဖြင့် အစိအရင်နှင့် စိုက်ပျိုး

ကြသည်၊ စိုက်ပျိုးနည်းစိုက်ပျိုးဟန် မတူသကဲ့သို့ စွမ်းအင်သတ္တိ အကျိုးပေးခြင်းကလည်း ကွာခြားမှု ရှိကြသည်။

### ဓေါင်းဂမုန်းနှစ်မျိုး

ဒေါင်းဂမုန်းမှာ—

၁။ ဒေါင်းဂမုန်း အဖို = မဟာသတ္တ
၂။ ဒေါင်းဂမုန်း အမ = မယူရဒေဝီ

ဟူ၍ နှစ်မျိုးရှိသည်၊ ယင်းနှစ်မျိုးလုံးမှာ ကျရောက်လာမည့် အန္တရာယ်ကို သတိပေးရာ၌ တူညီကြသော်လည်း အခြားအကြောင်းကိစ္စများ၌ တစ်မျိုးထက်တစ်မျိုး ပိုမို ထူးခြားသော အကျိုးမျိုးကို ပေးတတ်ကြသေးသည်။

ထို့ကြောင့် ဒေါင်းဂမုန်း အဖိုနှင့်အမကို တစ်ပင်ချင်း စိုက်ပျိုးခြင်းထက် အဖိုနှင့်အမ အိုးနှစ်လုံး ယှဉ်ကာ နှစ်မျိုးလုံး စိုက်ပျိုးထားခြင်းက ထူးခြားသော အကျိုးထူး ရရှိနိုင်ကြပေသည်။

‘မည်ကဲ့သို့သော အကျိုးများနည်း’ဟု မေးစရာရှိသည့်။

.... အဖို့, အမ နှစ်မျိုးလုံး စိုက်ပျိုးထားခြင်းဖြင့် ပီယသျှို, ရာဇသျှို, သဗ္ဗသျှို သုံးမျိုးလုံးတွင် အကျိုးထူးလှသည်။

.... ဂမုန်းအမ အနေဖြင့် မလိုသူများ ဆပွားမေတ္တာ ခင်မင်လာစေရာ၌ စွမ်းဆောင်နိုင်ရုံမက လင်ကွဲ မယားကွဲနှင့် ဆွေမျိုးအချင်းချင်း မသင့်မတင့် ဖြစ်ခြင်း၊ မိတ်ဆွေသင်္ဂဟချင်း ပဋိပက္ခဖြစ်ခြင်း စသည်တို့ကိုပါ ဂမုန်းအမက ဖြေရှင်းပေးနိုင်ပေသည်။


.... စီးပွား လာဘ် လာဘ အရာ၌လည်းကောင်း၊ အမှုဆိုင် တရားပြိုင်ရာ၌လည်းကောင်း ဂမုန်း အမက ဆောင်ရွက်ပေးနိုင်ပေသေးသည်။

.... ပီယဆေးစီရင်ရာ၌ အဖိုဥကို ယူရုံဖြင့် မပြီးပေ၊

.... အဖိုပင်အမပင် နှစ်မျိုးလုံးစိုက်မျိုးထားပါလျှက် အဖိုပင် တစ်ပင်တည်း သို့မဟုတ်၊ အမပင် တစ်ပင်တည်းကိုသာ ယူငင်၍ မစီရင်ရပေ၊ အဖို, အမ နှစ်မျိုးလုံးကို ယူငင်၍ အစီအရင်ပြုကြရပေမည်။

ဇေါင်းဂမုန်း အဖို

စိုက်ပျိုးနည်း အစီအရင်



## စီရင်နည်း စီရင်ဟန်

‘မဟာသတ္တ ဥဒေါင်းမင်း’ ဓါ ဒေါင်းဂမုန်း အဖိုကို စိုက်ပျိုးပါက အထက်ပါပုံစံအတိုင်း ငွေပြား၌ အောက်ပါ အက္ခရာများ၊ ဂါထာများကို ရေးသွင်းရမည်။

ပထမ .... နှုတ်သီးနှင့် တကွ ဦးခေါင်းကို အက္ခရာ အသွင်သဏ္ဍာန် မပျောက် ရအောင် ရေးရမည်။

ဒုတိယ .... (ဍ - ဓ် ·င)။

တတိယ .... လည်ပင်းမှ ‘မ’ အက္ခရာ။

စတုတ္ထ .... ကိုယ် နှင့် အတောင်ပံ အဖြစ် ‘ဏ ကြီး’ အက္ခရာကို ရေး၍ အောက်မှ ယာဘက် ‘ငှ’ နှင့် ဝဲဘက် ‘ဇ’ကို ရေးရမည်။

ပဉ္စမ .... ‘ယ’ အက္ခရာ နှင့် ယာခြေ ‘ရ’၊ ဝဲခြေ ‘ဉ’ တို့ကို တပ်ရမည်။

ဆဋ္ဌမ .... ယာ အတောင်ပံဖျားမှ ဝဲ အတောင် ပံဖျား အထိ ‘ဂ’ အက္ခရာကြီးကို စုံအတိုင်း ဦးခေါင်းပါအုပ်၍ ရေး ရမည်။

သတ္တမ .... ယာခြေ အင်း၌ ‘ဋ္ဌ ဘ ဥ ဏ’ ကို ရေးသွင်းရမည်။

အဋ္ဌမ – ဝဲခြေ အင်း၌ 'ဓ စ ဝ ဗ'ကို ရေးသွင်းရ
မည်။

နဝမ – 'တံ နမဿာမိ စက္ခုမ ကေရာဇ ပထဝိပ္ပ
ဘာသ တယဇ္ဇဂုတ္တာ ဝိဟရေမု'ကို ရေးရ
မည်။

ဒသမ – 'တေ စ မံ ပါလယန္တု နမတ္ထု ဗုဒ္ဓါန
နမတ္ထု ဗောဓိယာ'ကို ရေးရမည်။

ကောဒသမ – 'နမော ဗုဒ္ဓါယ ဂထုဓာတု ပသိဒ္ဓိယာ
သဗ္ဗံ သိဒ္ဓိကမ္မံ သွယု့'ကို ရေးရမည်။

နောက်ဆုံး – '၁၇၊ ၃၈၊ ၄၆၊ ၂၅'တို့ကို ရေးရမည်။

ယင်းအစီအရင်များကိုရေးပြီးနောက် ငွေပြားကိုအောက်ဘက်ဖြစ်သော အင်းရှိရာဘက်မှ စ၍ လိပ်ကာ လက်မှဲ့ထိုးရမည်။

သိဒ္ဓိတင်ခြင်း စသည်တို့ ရှေးဦး အစီအရင် ကျမ်း၌ ဖော်ပြခဲ့သည့်အတိုင်း အပြည့်အစုံ ပြုလုပ်ရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၈ အုပ် စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ မဟာသတ္တ၊ မောရိန္ဒဟု၊ မောရရာဇာ၊ လောင်းလျာ....ရာဇာမောရ အာရက္ခဖြင့် ကြမ်ကြ သည်တည်း၊ အမှုမှိ သြကာသေ တိဋ္ဌေယျ၊ ဓနမြဲနေ သည်တည်း။

ဥုံ စတုဓာတုပသိဒ္ဓိယာ နမော ဗုဒ္ဓါယ သဗ္ဗ သိဒ္ဓိကမ္မံ သွဟုံ။

ဤဂါထာဖြင့် ၁၀၈ အုပ်စုတ်ပြီး ဒေါင်းဂမုန်းအဖိုပင်၏ အရင်း၌ ကပ်၍ ဤလက်ဖွဲ့ ထည့်စိုက်ထားရမည်။ သို့သော် ဒေါင်းဂမုန်းပင်ကို မထိခိုက်မိအောင် သတိထားပါ။ ထို့ပြင် ယင်းလက်ဖွဲ့ကို အလွယ်တကူ ယူ၍ရအောင် ဂရုပြု၍ ထည့်ရမည်။

ဤ ဒေါင်းဂမုန်းသည် ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ရန်အတွက် ကြိုတင် သတိပေးတတ်သည့် အတိုင်းအားကိုး အားထားလည်း ပြုရသည်။

ထို့ပြင် သိုသုံးပါးလုံးအတွက်လည်း ညွှန်းထားသည်။ ထို့ကြောင့် ယုံယုံကြည်ကြည်နှင့် ဂရုတစိုက် စိုက်ပျိုးကြဖို့ အထူး သတိပြုကြ

## ခေါင်းဂမုန်းအမ စိုက်ပျိုးနည်း

### အစီအရင်



(၄၁)

### စီရင်နည်း၊ စီရင်ဟန်

'မယူရဒေဝီ' ခေါ် ခေါင်းဂမုန်း အစ်မကို စိုက်ပျိုးပါက အထက်ပါ ပုံစံအတိုင်း ငွေပြား၌ အောက်ပါအက္ခရာများ၊ ဂါထာများကို ရေးသွင်းရမည်။

ပထမ — ဦးခေါင်းကို အဖိုနည်းအတိုင်း ရေးပါ။

ဒုတိယ — 'မ ပ' အက္ခရာကို ရေးရမည်။

တတိယ – ကိုယ်ထည်နှင့် အတောင်ပံကို အဖိုရေးနည်း အတိုင်း ရေးရမည်။

စတုတ္ထ – 'ဓ'အက္ခရာကြီးနှင့် 'ယ'အက္ခရာကြီးကိုရေး ရပါမည်။

ပဉ္စမ – ယာခြေ'ငှ'၊ ဝဲခြေ'ဍ'တို့ကို ရေးရမည်။

ဆဋ္ဌမ – ယာဘက် တောင်ပံဖျားမှ ဝဲဘက် တောင်ပံ ဖျားအထိ 'ဂ'အက္ခရာကြီးကို အဖိုရေးနည်း အတိုင်း ရေးရမည်။

သတ္တမ – ယာခြေ အင်း၌ 'ဝ စ ဓ ဗ'ကို ရေးသွင်း ရမည်။

အဋ္ဌမ – ဝဲခြေအင်း၌ 'ဋ က သ ဥ'ကို ရေးသွင်းရ မည်။

နဝမ – 'စတုဓာတုပသိဒ္ဓိယာ ဝိဇ္ဇာယောဂေနသုမိဋ္ဌ တုယထိစ္ဆိတံပုမိတ္တိပိယ သံယုတံ'ကိုရေးပါ။

ဒသမ – 'မယူရ ဒေဝိယာ သဗ္ဗသိဒ္ဓိကမ္မံ သမ္မဂ်လံ သွာဟာယျ'ကို ရေးရမည်။

နောက်ဆုံး – '၂၅၊ ၁၇၊ ၃၈၊ ၄၆'တို့ကို ရေးရမည်။

ယင်းအစီအရင်များ အားလုံး ရေးပြီးလျှင် အောက်ခြေ အင်းရှိရာမှ စ၍ လိပ်ပြီး လက်ဖွဲ့ထိုးရမည်။

သိဒ္ဓိတင်ခြင်း စသည်တို့ကို ရှေးဦး အစိအရင်ကဏ္ဍ၌ဖော် ပြခဲ့သည့်အတိုင်း စနစ်တကျ ပြုလုပ်ရမည်။

ထို့နောက် အောက်ပါ အကျုံး ဂါထာမန္တန်ဖြင့် (၇) အုပ် စုတ်၍ ကျုံးရင့်ရမည်။

## အကျုံး ဂါထာမန္တန်

ဥုံ—မဟောသိဟု၊ ဒေဝီမည်ထ၊ မယုရတည့်၊မောရ မာတာ၊ ဒေဝယာ....ရွှေဝါလျှံထွန်း၊ နိတုံ သွန်းသို၊ ရွှန်းရွှန်းပပ၊ မယ်မောရလျှင်၊ ပိယဝါစာ—ကြွေး သတည်း။

သိဒ္ဓိ ကမ္မ၊ ဣဿိတလည်း၊ သုံးဝသော သျှိုပေး တည်း။

ဤအကျုံး ဂါထာမန္တန်ကို ရွတ်ဆို ကျုံးရင့်သောအခါ ကဗျာလင်္ကာ ရွတ်ဆိုသကဲ့သို့ ဆွဲဆွဲငင်ငင် အသံသာယာစွာ ဖြင့် ရွတ်ဆို ကျုံးရင့်ရမည်။

ယင်းသို့ ကျုံးရင့်ပြီးနောက် အောက်ပါ ဂါထာမန္တန် ဖြင့် (၁၀၈)အုပ် စုတ်ရမည်။

## ဂါထာမန္တန်

ဥုံ စတု ခါတု ပသိဒ္ဓေန သမ္ဗုံ သိဒ္ဓိကမ္မံ သဗ္ဗမင်္ဂလံ သွာဟာယျ ဟော်—ဟော်။

ဤဂါထာမန္တန်ဖြင့် (၁၀၈)အုပ် စုတ်ပြီးလျှင် ခေါင်းဂမုန်းအမ အပင်ရင်း၌ ယခင် အဖိုပင်တုန်းကကဲ့သို့ အပင်ကိုလည်း မထိခိုက်စေရဘဲ အလွယ်တကူလည်း ယူ၍ရအောင် ထည့်သွင်းရမည်။

ယင်းသို့ အစီအရင်ဖြင့် စိုက်ပျိုးပြီးနောက် ရေလောင်းရမည်၊ ရေလောင်းသောအခါ အဖိုပင်ရေလောင်းပါက အဖိုကိုစုတ်သော ဂါထာမန္တန်ကို ရွတ်ဆို၍လည်းကောင်း၊ အမပင်ကို ရေလောင်းပါက အမကို ကျူးရင့်သော ဂါထာမန္တန်ကို ရွတ်ဆိုကျူးရင့်၍ လည်းကောင်း ရေလောင်းရမည်။

ရေလောင်းသော အခါ၌လည်း တစ်ခါတည်းလောင်း မချရပေ၊ အဖိုဆိုင်ရာ အမဆိုင်ရာ ဂါထာများကို ရွတ်ဆိုရင်း ပက်ဖျန်းသည့် သဘောဖြင့် ပက်ဖျန်းခြင်းပြုကာ ရေလောင်းရမည်၊ အနည်းဆုံး ဆိုင်ရာဂါထာများကို ရွတ်၍ (၇)ခေါက်ပြည့်မှ ရေလောင်းခြင်းကို ရပ်ရမည်။

အဖိုပင် အမပင်များကို စိုက်ပျိုးပြီး၍ တစ်လပြည့်လျှင် အဖိုပင်မှ လက်ဖွဲ့ကိုလည်းကောင်း၊အမပင်မှ လက်ဖွဲ့ကိုလည်းကောင်း 'ပေးတော်မူပါ'ဟု တောင်းခံကာ အပင်ကို မထိခိုက်စေရန် သတိပြုပြီး ယူပါ။

ယင်းလက်ဖွဲ့ နှစ်လုံးကို ကြိုးတစ်ချောင်းစီတွင် သီပြီးမှ ယင်းကြိုးနှစ်ချောင်းကို ပိတ်ချင်းထိုးကာ ဆောင်ရမည်။

အဖိုလက်ဖွဲ့နှင့် အမလက်ဖွဲ့ကို ခွဲခြားပြီး သိရှိနိုင်စေရန် အတွက် ကြိုးအနီ ကြိုးအစိမ်း ခွဲခြားပြီး တပ်ရမည်။

## အညွန့်၊

- အရေးတစ်စုံ ကိုယ်၌ကြုံလာသော် ယင်းလက်ဖွဲ့နှစ်လုံးကို ရေစိမ်၍ နှစ်ပင်လုံးကို ပက်ဖျန်းပြီးမှ အဖို၏ အစုတ်ဂါထာကို ၇ အုပ်ရွတ်၊ အမ၏ အကျူးဂါထာ ၇ အုပ် ရွတ်ဆိုကျူးရင့်ကာ မိမိဆောင်ရွက်လိုသောကိစ္စကို လျှော်စွာ ဆုတောင်းပြီး ဆောင်ရမည်၊ ဆောင်ရွက်သမျှ ကိစ္စပြီးစီးအောင်မြင်မည်။
- ယင်း ဒေါင်းဂမုန်း ဖိုမကို စိုက်ပျိုးထားပါက ဘေးရန် အန္တရာယ်ဟူသမျှ အကာအကွယ် ပေးမည်၊ မျက်နှာပွင့်လန်းမည်၊ လာဘ်သပ္ပကာ ရရှိမည်၊ တစ်နေ့တခြား စီးပွားဥစ္စာ တိုးတက်မည်။
- ဂမုန်းပင်ကို စိုက်ပျိုးထားရုံဖြင့် အိမ်တွင် စည်းချထားသကဲ့သို့ သူတစ်ထူး မကောင်း မကြံစည်နိုင်ခြင်း စသည်ဖြင့် ဘေးအန္တရာယ်များမှ အကာအကွယ် ပေးနေတတ်သည်ကို တွေ့ရှိရမည်။
- အကယ်၍ မိမိအိမ်၌ ခိုးသားဓားပြအန္တရာယ်နှင့် အသက်ကို ရန်ရှာမည့်အန္တရာယ် စသည့် ကြီးကြီးကျယ်ကျယ် အန္တရာယ်တစ်စုံတရာ ကြုံတွေ့ရတော့မည် ဆိုလျှင်လည်း ညဖက်၌ ဒေါင်းဂမုန်းပင်မှ

တိုင်းညများကဲ့သို့ ဒေါင်းဂမုန်းရွက်များ မအိပ်တော့ပေ၊ သတိပေးတတ်သည်၊ ထိုအခါ သတိနှင့် နေခြင်းဖြင့် ဘေးအန္တရာယ်မှ ကင်းဝေးနိုင်သည်။

## ကိုယ်တွေ့ ဖြစ်ရပ်တစ်ခု

စကားစပ်မိသဖြင့် အတွေ့အကြုံတစ်ခုကို ဖော်ပြရဦးမည်၊ ကျွှစာရေးသူ၏ မိတ်ဆွေတစ်ယောက်မှာ တစ်ညတွင် သူ၏ အိမ်မှ ဒေါင်းဂမုန်းပင်မှာ ခါတိုင်းညများကဲ့သို့ မအိပ်ဘဲ အရွက်များ ထောင်နေသည်။

ထိုအခါ သူ၏ဇနီးက နိုးနိုးကြားကြား သတိနှင့်အိပ်ဖို့ ပြောသော်လည်း မိတ်ဆွေဖြစ်သူက မယုံကြည်သဖြင့် စိတ်ချလက်ချပင် အိပ်ပစ်လိုက်သည်။

ဇနီးဖြစ်သူမှာ သတိနှင့်နေသော်လည်း သန်းခေါင်ကျော် အချိန်တွင် မှေးခနဲအိပ်ပျော်သွားရာမှ အိပ်မောကျသွား၏။

နံနက်လင်းသောအခါ အိမ်မှ ပစ္စည်း အများအပြား သူခိုးနောက် ပါသွားကြောင်း သိကြရတော့သည်။

"ဒေါင်းဂမုန်းက သတိပေးနေလျက်သားနှင့် ဂရုမစိုက်လို့ အခုလို အခိုးခံရကြောင်း" ဖြင့် ဇနီးသည်က ပြောမဆုံး ဖြစ်နေသည်။

ကျွှတွင်မှ ကျွှစာရေးသူ၏ မိတ်ဆွေမှာလည်း ဒေါင်း

## အထူး သတိပြုရမည့် အချက်များ

ဒေါင်းဂမုန်းပင် စိုက်ပျိုးသူများ အနေဖြင့် ဒေါင်းဂမုန်းပင်၌ —

- ညှိုးလျော် နွမ်းရိနေသော
- နေလောင် မျက်စိးနေသော
- ပြန်လည် လန်းဆန်းလာနိုင်တော့မည် မဟုတ်သော

အရွက်များကိုသာ ဖယ်ရှား သန့်ရှင်းပစ်ရမည်၊ ယင်းကဲ့သို့ မဟုတ်ဘဲ —

- အရွက်ကောင်းများကို ချိုးဖဲ့ယူငင်ခြင်း
- အပင်ကို ဖြတ်ခြင်း
- အညွန့်အဖျားများကို ဖြတ်ခြင်း

စသည်တို့ကို လုံးဝ မပြုလုပ်မိကြစေရန် အထူး သတိပေးလို ပေသည်။

## ဒေါင်းဂမုန်း နှင့် ဗုဒ္ဓဟူး


ထို့ပြင် ဗုဒ္ဓဟူး သားသမီးများ အနေဖြင့်....

- အခြားသော အကာအကွယ် ဂမုန်းပင် တစ်မျိုးကို သော်လည်းကောင်း
- သစ်ပင်တစ်မျိုးကို သော်လည်းကောင်း၊

စိုက်ပျိုးထားခြင်း မပြုမှုပါက ဒေါင်းဂမုန်းပင်ချည်း သက်သက် မစိုက်ပျိုးမိကြစေရန် အထူး ထပ်မံ သတိပေးလိုပေသည်။ အကယ်၍ စိုက်ပျိုးမိပါက 'အကျိုးလို၍ ညောင်ရေလောင်းကာမှ ပတ်ထမ်းနှင့် တွေ့'ရသလို ဖြစ်တတ်ကြပေသည်။

....၀....

**'မောရဓေဝီ' ဒေါင်းမကလေးဂမုန်း**
**စိုက်ပျိုးနည်း အစီအရင်**



(၇၈)

## စီရင်နည်း စီရင်ဟန်

ဒေါင်းမလေး ဂမုန်းကို 'မောရဒေဝီ'ဟု ခေါ်သည်၊ အထက်ပါ ပုံစံအတိုင်း အောက်ပါအက္ခရာများကို ငွေပြား၌ ရေးရမည်။

ပထမ – စမရှပ်၏ ထိပ်ဆုံး၌ 'ဝ'အက္ခရာ၊ 'ဂ' အက္ခရာ၊ 'က' အက္ခရာ တို့ကို ရေးရမည်။

ဒုတိယ – ထို့နောက် ဝဲ 'စ' အက္ခရာ၊ ယာ 'စ'အက္ခရာ၊ အလယ် 'ခ' အက္ခရာ၊ အောက်ဘက်၌ 'ယ' အက္ခရာ တို့ကို အစဉ်အတိုင်း ရေးရမည်။

တတိယ – ခြေထောက်အဖြစ် 'ဥ' နှင့် 'ရ' ကို တပ်ပါ၊ ပြီးလျှင် 'စ' အောက်မှ '၄'နှင့် '၈'ကို တပ်ရမည်။

စတုတ္ထ – ထို့နောက် အတွင်းမှ 'ဂ-စ-ခ-ယ' အက္ခရာထပ်များကို ပထမ အလယ် ထပ်၊ ဒုတိယ ဝဲဘက်မှအထပ်၊ တတိယ ယာဘက်မှ အထပ် အစဉ်အတိုင်း ရေးရမည်။

ပဌမ – ထို့နောက် 'မောရဒေပီယာ ဂမန်' နှင့် ပုံတွင် ပြထားသည့် အတိုင်း '၁,၂,၃,၄,၅,၆,၇' တို့ကို ရေးရမည်။

ဒုတိယ – 'ဥ၊ တထာ ဒွန္ဒေ နာမာနံ သမာ– သော ယုတ္တတ္ထော' ကို အရံ အဖြစ် ရေးရမည်။

တတိယ – ပြီးလျှင် လက်ဝဲ၌ 'တုဋ္ဌေဟိ' နှင့် လက်ယာ၌ 'တုဋ္ဌေဟိ' တို့ကို ရေးရမည်။

စတုတ္ထ – နောက်ဆုံး ပုံတွင် ဖော်ပြထားသည့် အတိုင်း 'ဥ' ၏ အမြီးပေါ်မှ 'ပီယေဟိ' နှင့် အမြီး အောက်မှ 'ပီယေဟိ' တို့ကို ရေးရမည်။

ထို့နောက် ယင်းငွေပြားကို အောက်ပါ ဂါထာ မန္တန် နှင့် ၇ အုပ် စုတ်ရမည်။

## ဂါထာ မန္တန်

ဥ၊ မြရွှေ နီလာ၊ ရွှန်းရွှန်းဖြာသို၊ ရောင်ဝါ ရိုးရဲ၊ တင့်နဲ့ပေစွ၊ မောရတွင်မည် မယ်ဒေဝီ၊ ဒေဝီ မယ်လျှ၊ မြဲနှစ်ခြင့်၊ ပေမတဏှာ၊ မေတ္တာနှောင်ဘိ၊

တုငွေ့ဟိ၊ တုငွေ့ဟိ၊ ပိယေဟိ၊ ပိယေဟိ၊ ဟေ ဟေ၊ ဒေဝီမယ်လျ–မယ်မောရ….ချဉ်းပေသရာ ချဉ်းပေ၊ ကပ်ပေသရာ ကပ်ပေ၊ ဩကိ် သေစုပ္ပပ္ပတ္တာ သွာဟာယျ။

ဤဂါထာဖြင့် (၇)အုပ် စုတ်ပြီးလျှင် ကိုယ်တွင်း၌ ယင်းငွေပြားကို ခံပြီးမှ မောရဒေဝီ ဒေါင်းမကလေး ဂမုန်းကို စိုက်ပျိုးပါ။

**အညွှန်း ::**

…. အရေးတစ်စုံတစ်ခု ကိုယ်၌ကြုံတွေ့လာလျှင် ရေကို အမွှေးနံ့သာထည့်၍ ဤဂါထာဖြင့် (၇) အုပ် စုတ်ပြီး ပက်ဖျန်းရမည်၊ ပြီးလျှင် မိမိလိုရာ ဆုကို ဆို၍တောင်းရမည်၊ တောင်းသည့်အတိုင်း အောင်မြင်မည်။

…. ဤ မောရဒေဝီ ဒေါင်းမလေးဂမုန်းကို အိမ်၌ စိုက်ပျိုးထားပါက လင်နှင့်မယား မသင့်မမြတ်ဖြစ်ခြင်း, ဆွေမျိုးသားချင်းများ စိတ်ဝမ်း ကွဲပြားခြင်း, အိမ်သား မိသားစုအတွင်း တစ်ဦးနှင့်တစ်ဦး ရန်သူပမာ ဖြစ်တတ်သော အရေးအခင်း ဟူသမျှ ပြေပျောက်လိမ့်မည်။

…. မိသားစု အချင်းချင်း ချစ်ခင် သင့်မြတ်ခြင်း စသော အကျိုးများ လက်ငင်းခံစားရမည်။

... လင်နှင့် မယား၊ ,ဆွေမျိုးသားချင်း၊ အိမ်သူ အိမ်သား မိသားစုအချင်းချင်း 'ပုဂ္ဂလသပ္ပါယ' ဖြစ်စေနိုင်သော ဂမုန်းဖြစ်သည်ဟုပင် 'ပါဠိသံ ပါပါဖြင့်' အတိုချုပ် ညွှန်းလိုက်ပါရစေတော့။

[**မှတ်ချက်**....အထက်ပါ ဂါထာမန္တန် ဆုံးကာနီးတွင်'ဩက်' ကို 'အောက်'ဟု အသံထွက်ရွတ်ဖတ်ရမည်ကို သတိပြုပါလေ။]

....၀....

**ပီယဆိုမ်းဆေး အစီအရင်**

**စီရင်နည်း စီရင်ဟန်**

| | |
|---|---|
| ၁။ သရဖီဝတ်ဆံ | ၇။ နံ့သာဖြူ |
| ၂။ ကံ့ကော်ဝတ်ဆံ | ၈။ ကရမက် |
| ၃။ ကြာမျိုးငါးပါးဝတ်ဆံ | ၉။ ကန့်ဘလူ |
| ၄။ မြတ်လေးပွင့် | ၁၀။ ကတိုး |
| ၅။ အကျော် | ၁၁။ နနွင်းနက် |
| ၆။ ကုံကုမံ | ၁၂။ ကာလကဏ္ဍိ |

ယင်းဆေး (၁၂)မျိုးကို အမျှစီ စု၍ကြိတ်ပြီး အတောင့် လုပ်ထားပါ။ ထို့နောက် အောက်ပါ ဂါထာမန္တန်

## ဂါထာမန္တန်

အင်္ဂီရသာ နမတ္ထုံ သဗ္ဗဓညော ရဓညော မန္တသာ—
ဒေဝါနံ၊ ပီယံ ဟောန္တု ပိယံမှိုင်းမှိုင်း။

## အညွှန်း

.... အသုံးပြုလိုသောအခါ ယင်းဆေးကို သန့်ရှင်း
စင်ကြယ်သောရေနှင့် ဖျော်၍လိမ်းပါ။
.... မိမိအား မြင်ရသူ ဟူသမျှက မြတ်နိုးတနာ ချစ်ခင်
ရှိသကြရလိမ့်မည်။
— ဣတ္ထိသျှိုနှင့် သဗ္ဗသျှိုအတွက် ကောင်းလှ၏။
အထက်ပါဆေးများကို စုံဆောင်းသောအခါ၌ ဆေးစစ်
ဆေးမှန်ရအောင် ကြိုးစားဖို့လိုသည်၊ သို့မှသာလျှင် အစွမ်း
ထက်မြက်မည်။

... ၀....

## နာနာရုပ်ဆေး အစီအရင်

စီရင်နည်း စီရင်ဟန်

တောင်ပို့ပေါ်တွင် ပေါက်သော ကျွဲနပေါင်းပင်ပျို
ပဥ္စငါးပါးကို စနေဆန်းသောလ၏ လဆန်း (၁) ရက်
စနေနေ့တွင် အရှေ့ဘက်မှ နေဝန်းပေါ်လျှင်ပေါ်ချင်းတူးယူ

တူးယူသောအခါ တောင်စောင့်နတ်မင်းအား ဆန်မန်း ပေါက်ပေါက်ဖြင့် ပူဇော်၍ အောက်ပါအတိုင်း ပြောဆို တောင်းယူရမည်။

'အရှင်ကောင်စောင့်နတ်မင်း....ဤဆေးပင်ကို ကျွန်ုပ်အား ပေးသနားတော်မူပါ'

ယင်းသို့ တောင်းယူ တူးဖော်ပြီးလျှင် ညက်စွာ ကြိတ် ထားရမည်။

ထို့နောက် နတ်စင်မှာ ပွဲတင်၍ အောက်ပါဂါထာမန္တန် ဖြင့် (၃၇)အုပ် စုတ်ရမည်။

ဥုံ ကပ္ပရိ ကပ္ပံရ ဟာရိ ပိဿနကပ်။

**အညွန်း**

--- ယင်းဆေးဖြင့် ဂုန်အိတ်ကိုသုတ်၍ ရေခပ်လျှင် ရေ အိုးကဲ့သို့ လုံနေမည်၊ ရေ မယိုစိမ့်ပေ။
--- ချည်ငင်ကိုသုတ်လျှင် ယုန် ဖြစ်မည်။
--- ဗျိုင်းတောင်ကိုသုတ်လျှင် ဗျိုင်းဖြစ်မည်။
--- ဖော့ကိုသုတ်လျှင် ငါးဖြစ်မည်။
--- မန်ကျည်းရွက်ကိုသုတ်၍ အထက်သို့ မြှောက်လျှင်

နှာနှာရှပ်ဆေး ဖြစ်သည့်အတိုင်း နှာနှာရှပ်ဆေးများကို သုံးစွဲသကဲ့သို့ ညဏ်ရှိတိုင်း အမျိုးမျိုးခွဲထွင်၍ တီထွင်စမ်းသပ် သုံးစွဲကြည့်နိုင်ကြပေသည်၊ စမ်းသပ်ကြည့်ကြလေကုန်။

....၀....

## ပီယမျက်ကွင်းဆေး အစီအရင်

### စီရင်နည်း စီရင်ဟန်

၁။ စရည်း ၇ ညွန့်
၂။ ဆီး ၇ ညွန့်
၃။ မယားကြီး ၇ ညွန့်
၄။ မယားသိန် ၇ ညွန့်
၅။ ကတိုး
၆။ ဖုံးမသိမ်
၇။ ပန်းဆွဲလွဲ

ယင်းဆေး ၇ မျိုးကို ကျောက်ပြင်တွင် ညက်စွာကြိတ်ပြီးလျှင် နတ်ရဲသော သစ်ပင်၌ ဖြစ်စေ၊ နတ်စင်၌ဖြစ်စေ အောက်ပါ ဂါထာမန္တန်ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ ဖြစိ ဖြစဲ၊ သဗ္ဗစဲ၊ ယထာယံ တာသု ပညာ– ယန္တု ရက္ခဖုဇာ၊ မှိုင်းဆရာမှိုင်း။

ဥုံ ဗြဟ္မာ စိတ္တရာယ ဗဟုန်ဗဟုန် သွားဟဲ

**အညွှန်း**

- အသုံးပြုလိုသော အခါ ယင်းဆေးကို ညက မိုးရေနှင့် သွေးပြီးလျှင် မိမိ၏ မျက်စိ နှစ်ဖက်မှာ ကွင်းထားပါ။
- ပီယသိဒ္ဓိ အတွက် ကောင်းလှ၏။

ပီယသိဒ္ဓိအတွက် သက်သက်ဖြစ်၍ ညဏ်ရှိက ညဏ်ရှိတိုင်း ချဲ့ထွင် အသုံးပြုနိုင်သည်။

....၀....

ဘေးဥပဒ်အန္တရာယ်
ပျောက်ကင်းစေနိုင်သော
**ခေါင်းလျှော်ဆေး အစီအရင်**
စီရင်နည်း စီရင်ဟန်

၁။ သမန်းမြက်အမြစ်
၂။ ဥသျှစ်ရွက်
၃။ စောင်းလျားရွက်
၄။ သဖန်းသီးမှည့်
၅။ သဖန်းခါးရွက်
၆။ ဇလပ်ဖူး
၇။ ဆီး (ဇီး) ရွက်
၈။ ဝါးရွက်
၉။ ပန်းနု
၁၀။ ပန်းဥ
၁၁။ ပန်းရင်း
၁၂။ နွားမြေရင်း
၁၃။ လင်းလေ
၁၄။ ကြခုံ
၁၅။ သီးရွက်
၁၆။ ဖက်ဆွတ်ရွက်
၁၇။ တရော်

ယင်းဆေးစုကို ကြိတ်၍ စုန့်ရေဆန့်ရေ ဖလားနှင့်လောင်း ထည့်ပြီး သမ္ဗုဒ္ဓေ ၁၀ ခေါက် ရွတ်၍ ခေါင်းလျှော်ရမည်။

**အညွန်း**

– ဂြိုဟ်စီး ဂြိုဟ်နင်း မကောင်းခြင်း။
– အိမ်၌ ဖွတ်တက်ခြင်း၊ ပျားစွဲခြင်း၊ တောင်ပို့ ပေါက်ခြင်း။
– အိမ်ခေါင်မိုးပေါ် ခွေးတက်ခြင်း။
– ကြက်ဆိုး၊ ကြောင်ဆိုး အမျိုးမျိုး။
– အိပ်မက် မကောင်းခြင်း။

စသည်မကောင်းသော ဘေးဥပဒ်အန္တရာယ်များပပျောက် လွတ်ကင်းမည်၊ ကောင်းကျိုး သုခများ တိုးပွားမည်။

....၀....

**မိန်းမလာစေရန် ပီယဆေး အစီအရင်**

**စီရင်နည်း စီရင်ဟန်**

၁။ မဟာဂီရိစင်၌ ရေးသော ဆေးဒါန်း
၂။ ရေမျောလာသော သစ်စို
၃။ မသာဆိုင်းတီးရာမှ ကွာ၍ကျသော ပတ်စာ
၄။ လေပွေ၌ လွင့်၍ သွားသော သစ်ရွက်

ယင်းဆေး ၄ မျိုးကို ကြိတ်၍ ယင်းဆေးဖြင့် တံခွန် ဖျားပေါ်မှာ မိမိအလိုရှိသော မိန်းမရုပ်ကို ရေးပြီးလျှင် အမည်နံကို သွင်းရမည်။

အညွှန်း

- ပြီးလျှင် 'ညကို ငါ့ထံသို့ လာ၍ယူ' ဟု လက်နှင့်လည်း သတ်၊ သုံးခွန်းစေ့အောင်လည်း မှာရမည်။
- ထိုအခါ မိမိအလိုရှိသော မိန်းမသည် မိမိ၏အိမ်သို့ လာလိမ့်မည်။
- မိမိ၏ အလိုဆန္ဒ ပြည့်ဝလျှင် ဗောဓိညောင်မြစ်နှင့် ယင်း မိန်းမရုပ်ကို ဖျက်ပစ်ပါလေ။
- ပီယသျှို သက်သက်တည်း။

ဤအစီအရင်မှာ ပီယသိဒ္ဓိ သက်သက် ဖြစ်သည်၊ အတည်မယူဘဲ မကြံပါနှင့်၊ ထို့ပြင် သူများ သားမယားကိုလည်း အထူး ရှောင်ကြဉ်ပါ။

....၀....

## ကုန်တိုက်ဆေး အစီအရင်
## စီရင်နည်း စီရင်ဟန်

ပျားဖယောင်း တစ်ကျပ်သားကို မဆစ်ဆီ နှစ်မတ်သားနှင့် ချက်ပါ၊ ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် ၃၃ အုပ် ရုတ်ရမည်။

## ဂါထာ မန္တန်

နမေတ္တာကျ မဟာလာချာ၊ သဗ္ဗမိတ္တာ သဗ္ဗသိနေဟာ၊ သဗ္ဗသုခံ မဟာလာဘာ၊ သဗ္ဗဓကာခံ ဝိနုသာန္တိ။

### အညွန်း

- ထိုနောက် ရောင်းလိုသော ကုန်ပစ္စည်း၌ ယင်း ဖယောင်းချက်ကို သုတ်ပါ။
- အိုးအိမ် မော်တော်ကားဖြစ်လျှင် ထိပ်မှာ သုတ်ရမည်။
- ကေန် ရောင်း၍ စုံရမည်တည်း။

ဤအစီအရင် အောင်မြင်တိုင်း သက်ဆိုင်ရာအစောင့်များကို အမျှပေးဝေပါ၊ မမေ့ပါနှင့်။

....၀....

## ပီယသျှိ မှန်ကူလိမ်းဆေး အစီအရင် စီရင်နည်း စီရင်ဟန်

| | |
|---|---|
| ၁။ ကတိုး | ၄။ ပန်းညူ |
| ၂။ ပရွပ် | ၅။ ကုံကုမံ |
| ၃။ ဖုံးမသိန် | ၆။ ဥပသကာ |
| | ၇။ ကန့်ဘလူ |

ယင်းဆေး ၇ မျိုးကို အမျှစီရ၍ အားလုံး အလေး ပင်လယ်ရေမြှုပ် ကဲရမည်၊ ယင်းသို့ ကဲပြီးသား ဆေးချိန်များ အားလုံး၏ အလေး ကျောက်သလင်း စစ်စစ် ထပ်၍ ကဲရမည်။

ယင်းဆေးအားလုံးကို စံပယ်ဆီနှင့်ကြိတ်၊ စံပယ်ဆီမရမှ ဆီမွှေးနှင့် ကြိတ်၍ အတောင့်လုပ်ပြီး ထားပါ။

ထို့နောက် တန်ခိုးကြီး ဘုရားရှေတော်၌ ထမင်း၊ မုန့်၊ ငါး၊ အကြော် အလှော်၊ ငှက်ပျောပွဲ၊ အုန်းပွဲ ခင်းကျင်း၍ အမွှမ်းသင်ပုတ် တင်ပြီးလျှင် အောက်ပါ ဂါထာ မန္တန်ဖြင့် ၁၀၀၀ အုပ် စုတ်ရမည်။

## ဂါထာ မန္တန်

ဥုံ သဗ္ဗဒေဝါ သရက္ခာ စ၊ ဘူတာ ပရိတ္တာ စ၊ ဇော်ဂနီ ပရိတ္တာ စ၊ ဥုံ ဒေဝါ ဒေဝါ ကညာ၊ နံ့သ နာဒေဝါ ဝရာဝရံ၊ သဗ္ဗသဗ္ဗမံသာ ဆိန္နေ ဆိန္နေ။

## အညွန်း

- ယင်းဆေးကို သန့်ရှင်းသော နေရာမှာ ထားပါ၊ အလိုရှိသောအခါ ယင်းဆေးကို အထက်ပါ ဂါ

- မိမိ အလိုရှိသော မိန်းမပျိုနှင့် စကားပြောသော အခါ မိန်းမပျို၏မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်ပြီး 'ငါပြောသည့်အတိုင်း ငါ့စကား နားထောင်ရမည်' ဟု စိတ်ထဲက ရွတ်လည်း ရွတ်ဆိုပါ၊ စိတ်ကလည်း လေးလေးနက်နက် ယုံကြည်မှု ရှိထားရမည်၊ မိမိပြောဆိုသော စကားများ ၇၅ ရာခိုင်နှုန်း အောင်မြင်ရမည်။

- တရားတဘောင် ဖြစ်သောအခါ နှုတ်ဖြင့်သည်း မှန်ကူပါ၊ ကိုယ်ဖြင့်လည်း အနည်းငယ်သိမ်းပါ၊ တရားခွင်သို့ရောက်သောအခါ မိမိ၏တရားပြိုင်ကို စေ့စေ့စိုက်ကြည့်လိုက်ပြီး 'ငါ့အမှုနိုင်ရမည်' ဟု စိတ်ထဲက ရွတ်ဆိုပါ။

- ထို့နောက် ဘုရားသူကြီးကိုလည်း အထက်ပါအတိုင်း စေ့စေ့စိုက်ကြည့်ပြီး 'ငါ့အမှု နိုင်အောင် စီရင်ချက် ချပေးရမည်' ဟု ယုံယုံကြည်ကြည် ရွတ်ဆိုပါ၊ တရားသူကြီးက မိမိအား ချစ်ခင်လေးစားကာ အမှုကို နိုင်အောင် စီရင်ချက် ချပေးလိမ့်မည်။

အလိုရှိတိုင်း ညက်ရှိသလို အသုံးပြုနိုင်သော အစီအရင် ဖြစ်သည်။

## သျှိုသုံးပါး မှန်ကူဆေး အစီအရင်

### စီရင်နည်း စီရင်ဟန်

၁။ နုံ့သာဖြူ
၂။ နုံ့သာနီ
၃။ ပန်းဦ

ယင်းဆေး ၃ မျိုးကို မဆစ်ဆိမ့်ဖြင့် ကျောက်ပြင်၌သွေး၍ ဆိမ်းခွက်တွင် ထည့်ရမည်။

ထို့နောက် အောက်ပါ ဂါထာ မန္တန်ဖြင့် ၇၇ အုပ် စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ စန္ဒနဂန္ဓော ဇနကာယံ မမ သိဒ္ဓေဟံ။

မိမိ၌ အရေးတစ်စုံ ကြုံလာသဖြင့် ယင်းဆေးကို မှန်ကူလိုပါက—

ဥုံ ဖုဋ္ဌသံ လောကစမ္မေဟိ၊
စိတ္တံ ယသာ န ကမ္မတိ၊
အသောကံ ဝိရဇံ ခေမံ၊

ဟူသော ဂါထာ မန္တန်ဖြင့် ၇ အုပ် နှိုးပြီးမှ မှန်ကူရမည်။

အညွန်း။

– ရာဇသို့ သဗ္ဗသို့ ဇူတ္တိသို့ ၃ ပါးလုံး၌ အတု မရှိဟု အညွန်းပြုထားသည်။
– 'အကျယ် မညွန်းပြီ' ဟုလည်း အမှာအထား ပြုထားသည်။

ဉာဏ်ရှိတိုင်း အမျိုးမျိုး ချဲ့ထွင်သုံးနိုင်သော ဆေးဖြစ်၏။

....o....

**မီယခပ်ဆေး အစီအရင်**

**စီရင်နည်း စီရင်ဟန်**

၁။ ၇ နေ့ သမီး အပျိုစင်ပန်သော ပန်း ၇ ပွင့်
၂။ ၇ နေ့သား လူပျိုစင် ပန်သော ပန်း ၇ ပွင့်
၃။ မင်္ဂလာ သတို့သား ပန်သော ပန်း
၄။ မင်္ဂလာ သတို့သမီး ပန်သော ပန်း
၅။ မဟာပိန္နဲတင်သော ပန်း
၆။ မင်းမဟာဂီရိ တင်သော ပန်း
၇။ အထက်နတ်ကြီးများ တင်သော ပန်း
၈။ လျှောသား လက်ညှိုး
၉။ အပျိုစင် ဆန်ဖွပ်နေခိုက် စင်၍ ကျသော ဆန် ၇ စေ့
၁၀။ ငါးကြီး မျိုထားသော ငါးကလေး

ယင်းဆေးစုကို ပေါင်း၍ ကြိတ်ပြီးလျှင် အတောင့်လုပ်၍ ခြောက်အောင်လှန်း၊ နေပူမှာ မလှန်းရ၊ အရိပ်မှာ ခြောက်စေရမည်။

ထို့နောက် အောက်ပါ သရဏဂုံ ၃ ပါး ဂါထာမန္တန်နှင့် ၇၇ အုပ် စုတ်ပါလေ။

## ဂါထာမန္တန်

ဥုံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဥုံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဥုံ သံဃံ သရဏံ ဂစ္ဆာမိ။

ထို့နောက် 'ဣတိပိသော' ဟူသော ဘုရားဂုဏ်တော်နှင့်လည်း ၇၇ အုပ် ထပ်ပြီး စုတ်ရမည်။

## အညွှန်း

- ဤ ပီယခပ်ဆေးကို ယောကျ်ား မိန်းမ ၂ ဦးလုံး အသုံးပြုနိုင်သည်။
- မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အသုံးပြုလိုပါက ယင်းဆေးကို မိမိ၏ နဖူး, နှုတ်ခမ်း, နားထင်, ဆံစပ်, လက်ရုံး၌ သုတ်၍ လိုသူနှင့် ကြမ်းတပြေးတည်း ထိုင်ပြီးလျှင် လိုရာကို ပြောပါ၊ ပြောသမျှ အောင်မြင်မည်။


- ယောကျ်ားက မိန်းမကို ခပ်လိုလျှင် ညာဘက် လက်မောင်းသွေးနှင့် ခပ်ပါ။
- မိန်းမက ယောကျ်ားကို ခပ်လိုလျှင် ဘယ်ဘက် လက်မောင်းသွေးနှင့် ခပ်ပါ။

'ပိယသျှိုအရာ၌ အတုမရှိတည်း'ဟု အညွှန်းပြုထားသော ခပ်ဆေးအကျော် ဖြစ်သည်။

....o....

## သားသမီး အဖတ်တင်စေနိုင်သော

## ဆင်စွယ်ဂမုန်း အစီအရင်



### စီရင်နည်း စီရင်ဟန်

ဆင်စွယ်ဂမုန်းကို စိုက်ပျိုးလိုပါက အထက်ပါ ပုံစံအတိုင်း ငွေပြား၌ အောက်ပါ အက္ခရာများနှင့် ဂါထာ

ပထမစက် – ‘ဋ, လ, ခ, ယ’ ကို ရေးရမည်။
ဒုတိယစက် – ‘စ, ဝ, ဓ, ဗ’ ကို ရေးရမည်။
အရံဂါထာ – ပုံတွင် ဖော်ပြထားသည့်အတိုင်း
အရံဂါထာကို ရေးရမည်။

ယင်း အရံဂါထာနှင့်ပင် (၁၀၈)အုပ် ရုတ်ရမည်။ ယင်းသို့ စီရင်ပြီးမှ အိုးတွင် ယင်းငွေပြားကို ခံ၍ စိုက်ရမည်။

နေ့စဉ် ခရလောင်းပေးရမည်၊ ရေလောင်းသောအခါ၌ ယင်း အရံ ဂါထာကို ၇ ခေါက် ရွတ်၍ ရေလောင်းရမည်။

## အညွှန်း

– ဆင်စွယ်ဂမုန်းမှာ ဝိဇ္ဇာမယ ဆေးဖက်ဝင် ဂမုန်းဖြစ်ရုံမျှသာမက စိုက်ပျိုးသူအား အကျိုးပြုတတ်သော ဂမုန်းလည်း ဖြစ်သည်။
– သားသမီး လိုချင်လျက်နှင့် မရသော မိဘများ၊ အကယ်၍ သားသမီး ရလာပြန်လျှင်လည်း အဖတ်မတင်သော မိဘများ အနေဖြင့် ဤ ဆင်စွယ်ဂမုန်းကို စိုက်ပျိုးထားပါက သားသမီးလည်း ရလာနိုင်ပေသည်၊ သားသမီးလည်း အဖတ်တင် လာနိုင်ပေသည်။
– သားသမီးသာ ရစေတတ်သည်မဟုတ် အလုပ်အကိုင်ဖွံ့ဖြိုးခြင်း၊ စီးပွားဉစ္စာများပါ တိုးတက်လာစေနိုင်

- ရုံးပြင်ကနား၌ တရားတပေါင်ဖြစ်ပါကလည်း မိမိဘက်မှ အနိုင်ရစေနိုင်သည်။

- သူပြု၊ သူကြံနှင့် တွေ့ကြုံရပါက ပြုသူ၊ ကြံသူသာ ပျက်စီးကာ ချက်ချင်းပင် ဤဆင်စွယ်ဂမုန်းက တန်ပြန် ( = ဒဏ်ပြန်) နိုင်ပေသည်။

- ဤဂမုန်းမှာ စီးပွားဥစ္စာ တိုးတက် ဖွံ့ဖြိုးရုံသာမက ဂုဏ်သတင်း ထင်ပေါ် ကြော်ကြားခြင်း၊ အများ၏ လေးစားမှု၊ ရိုသေမှု၊ ချစ်ခင်မှု၊ ကြည်ညိုမှု၊ မြတ်နိုးမှုများကိုလည်း ခံယူရရှိနိုင်ပေသည်။

- ယင်းကဲ့သို့သော ကောင်းကျိုးများကို ပေးတတ်သော်လည်း ကာမကိစ္စများ၌ ဖောက်ပြန်တတ်သူများကို ဤဂမုန်းက ကောင်းကျိုးမပြုတတ်ပေ။

ဆင်စွယ်သည် အထွတ်အမြတ် ဝတ္ထုတစ်မျိုးဖြစ်၍ အသန့်အပြန့် ကြိုက်ဘိသကဲ့သို့ ဆင်စွယ်ဂမုန်းသည်လည်း ကိုယ်ရော စိတ်ပါ သန့်ပြန့်မှုကို ကြိုက်နှစ်သက်လှကြောင်းကို စိုက်ပျိုးသူများ အနေဖြင့် သတိပြုကြရပေမည်။

**စနေသားသမီးနှင့် ဆင်စွယ်ဂမုန်း**

ထို့ပြင် ဆင်စွယ်ဂမုန်းသည် ကောင်းကျိုး များစွာကို

ယင်း ဆင်စွယ်ဂမုန်းကို မညီသည့်အခါမှ မစိုက်ပျိုးသင့် ကြောင်းကိုလည်း အထူး သတိပေးလိုပေသည်။

....ဝ....

## သျှိုသုံးပါး နှင့် အန္တရာယ်ကင်း

## ဘုရားဆေး, သိကြားဆေး, ဆရာ့ဆေး

## **မဟာသုမင်္ဂလဆေး အစီအရင်**

### စီရင်နည်း စီရင်ဟန်

၁။ တနင်္ဂနွေနေ့ နေဝန်းပေါ်စ အချိန်တွင် အရှေ့မြောက်အရပ်သို့ သွားပါ၊ ပထမဆုံး တွေ့ရသော အပွင့် ပွင့်နေသည့်အပင်မှ အပွင့် ၇ ပွင့်ကို ယူခဲ့ရမည်၊ ယင်း ၇ ပွင့်ကို ယူသောအခါ အောက်ပါ ဂါထာမန္တန်ကို ၇ ကြိမ် ရွတ်ဆို၍ ယူရမည်။

### ဂါထာ မန္တန်

ဥုံ ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါစာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဥုံ မဓမ္မာ စ မင်္ဂလော လောကေ၊
ဂမ္ဘီရော ဟောတိ ဒုဒ္ဒသော။
ဓမ္မံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဥုံ သံဃော စ မင်္ဂလော လောကေ၊
အဂ္ဂိကောယျော သဒါ ဟောတိ။
သံဃံ သရဏ မာဂမ္မ
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၂။ ထို့အတူ တနင်္လာနေ့တွင်လည်းအလားတူအချိန်တွင် အရှေ့တည့်တည့်သို့ သွားပါ၊ အထက်ပါ ဂါထာမန္တန်ကို ၇ ကြိမ်ရွတ်ဆို၍ အလားတူ ၇ ပွင့် ယူခဲ့ရမည်။

၃။ ထို့အတူ အင်္ဂါနေ့တွင်လည်း အထက်ပါအချိန်တွင် အရှေ့တောင်အရပ်သို့သွားပါ၊ အထက်ပါ အတိုင်း ဂါထာမန္တန်ကို ၇ ကြိမ် ရွတ်ဆို၍ အလားတူ ၇ ပွင့်ယူခဲ့ရမည်။

၄။ ထို့အတူ ဗုဒ္ဓဟူးနေ့တွင်လည်း အထက်ပါအချိန်တွင် တောင်အရပ်သို့သွားပါ၊ အထက်ပါအတိုင်း ဂါထာမန္တန်ကို ၇ ကြိမ် ရွတ်ဆို၍ အလားတူ ၇ ပွင့် ယူခဲ့ရမည်။

၅။ ထို့အတူ ကြာသပတေးနေ့တွင်လည်း အထက်ပါ အချိန်တွင် အနောက်အရပ်သို့သွားပါ၊ အထက်ပါအတိုင်း ဂါထာမန္တန်ကို ၇ ကြိမ် ရွတ်ဆို၍ အလားတူ ယူခဲ့ရမည်။

၆။ ထို့အတူ သောကြာနေ့တွင်လည်း အထက်ပါ အချိန်တွင် မြောက်အရပ်သို့သွားပါ၊ အထက်ပါ အတိုင်း ဂါထာမန္တန်ကို ၇ ကြိမ် ရွတ်ဆို၍ အလားတူ ယူခဲ့ရမည်။

၇။ စနေနေ့ တွင်လည်း အထက်ပါ အချိန်တွင် အနောက်တောင် အရပ်သို့ သွားပါ၊ အထက်ပါ အတိုင်း ဂါထာမန္တန်ကို ၇ ကြိမ် ရွတ်ဆို၍ အလားတူ ယူခဲ့ရမည်။

ယင်းသို့ ခုနစ်ရက် စုဆောင်း၍ရသော ပန်းများကို အခြောက်လှမ်း၍ ရိုသေကောင်းမွန်စွာထားပါ။

ထို့နောက်—

| | | | |
|---|---|---|---|
| နေမင်းဂမုန်း | .... ၃ ပဲ | ဂမုန်းသင်္ဃာစဉ် | .... ၃ ပဲ |
| လမင်းဂမုန်း | .... ၃ ပဲ | ကိုရီကြီး | .... ၃ ပဲ |
| မိုးမင်းဂမုန်း | .... ၃ ပဲ | ခတ္တာဖြူ | .... ၃ ပဲ |
| နန္ဒင်းမင်း | .... ၃ ပဲ | ဂမုန်းရန်လွတ် | .... ၃ ပဲ |
| ညော်လာကြီး | .... ၃ ပဲ | သဇင် | .... ၆ ခက် |
| ကွမ်းစားဂမုန်းနွားကုပ် | .... ၃ ပဲ | ကြာမျိုးငါးပါး | ....၁ ပွင့်စီ |

ယင်းဆေး ၁၂ မျိုးကို အထက်ပါ ဂါထာမန္တန်နှင့် ပင် ၉ အုပ်ရွတ်၍ ရှိသေကောင်းမွန်စွာ အသင့် ထားပါ။

ထို့နောက်

.... ဗောဓိညောင်ရွက် ၉ ရွက်ကို တစ်ရွက်လျှင် ဘုရားဂုဏ်တော် တစ်ပါးစီ ရေးရမည်။

.... ထို့နောက် ဗောဓိညောင်ရွက် ၆ ရွက်ကို တစ်ရွက် လျှင် တရားဂုဏ်တော် တစ်ပါးစီ ရေးရမည်။

.... ထို့နောက် ဗောဓိညောင်ရွက် ၉ ရွက်ကို တစ် ရွက်လျှင် သံဃာ့ဂုဏ်တော် တစ်ပါးစီရေးရမည်။

အထက်ပါဆေးများအားလုံးစုံလင်သောအခါ နှစ်ဖက် မြင်....သိဒ္ဓိစုတ်ကြိုက်....ကမ္ဘနက္ခတ် ကြုံသည့် အင်္ဂါနေ့ ဆွမ်းခံဝင်ချိန်တွင် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်လျက် လူသူ မနီးသောဘုရားပျက်၌ ငါးပါးသီလကို ခံယူဆောက်တည် ပြီးလျှင် ဆွမ်း, ရေချမ်း ဆက်ကပ်လှူဒါန်းကာ အထက်ပါ ဆေးများကို ကြိတ်ရမည်။

ဆေးအားလုံး ကြေညက်လျှင် ဆေးများကို သမရှိ ဆေး တောင့် ၃ တောင့် ကြီးစဉ်ငယ်လိုက် အတောင့် ပြုလုပ် ထားရမည်။

.... ပထမ အကြီးဆုံး အတောင့်ကို 'မဟာသုမင်္ဂလ ဘုရားဆေး' ဟု ဘွဲ့တော်ချီကာ အမည် ကမ္ပည်း တပ်ရမည်။

— ဒုတိယ အလတ်ဆေးတောင့်ကို 'မဟာသုမင်္ဂလ သိကြားဆေး' ဟု ဘွဲ့တော်ချီကာ အမည် ကမ္ပည်း တပ်ရမည်။

.... တတိယ အငယ်ဆုံး ဆေးတောင့်ကို 'မဟာ သုမင်္ဂလ ဆရာ့ဆေး' ဟု ဘွဲ့တော်ချီကာ အမည် ကမ္ပည်းတပ်ရမည်။

ပြီးလျှင် ယင်းဆေးတောင့် သုံးတောင့်ကို အထက်ပါ ဂါထာမန္တန်နှင့် ၁၀၈ အုပ် စုတ်ရမည်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တို့နှင့် ၁၀၈ အုပ်စီ စုတ်ရမည်၊ သမ္ဗုဒ္ဓေနှင့် ၁၀၈ အုပ် စုတ်ရမည်။

ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် သိဒ္ဓိတင်ရမည်။

## သိဒ္ဓိတင် ဂါထာ

ဥုံ နမော ဗုဒ္ဓါယျ သိဒ္ဓံ၊ နကာရော ကကုသန္ဓော မဟာသိဒ္ဓိ၊ မောကာရော ကောဏာဂမနော၊ မဟာ– သိဒ္ဓိ၊ ဗုကာရော ကဿပေါ မဟာသိဒ္ဓိ၊ ဒ္ဓါကာရော ဂေါတမော မဟာသိဒ္ဓိ၊ ယျကာရော အရိမေတ္တေယျော မဟာသိဒ္ဓိ၊ သိဒ္ဓံ ယျဗုဒ္ဓါ ဗုမောန၊ အာဒိကပ္ပေ ပဉ္စ–

မဟာနုဘာဝံ မဟိဒ္ဓိ သိဒ္ဓိ မဟောသမံ၊ ပဥ္စဗုဒ္ဓါ-
နုဘာဝေန သဗ္ဗကမ္မာနိ သိဒ္ဓါ ဘဝန္တု သောဥတ္တိ။

ယင်း ဂါထာမန္တန်ဖြင့် (၁၀၈)ကြိမ် စုတ်ကာ သိဒ္ဓိတင်ရမည်။

### ဘုရားဆေး အညွှန်း

.... ဘေးရန်အန္တရာယ်ဟူသမျှ ကင်းဝေးမည်၊ ရှောင်ရှားမည်။

.... စီးပွား လာဘ်လာဘ တိုးတက်မည်၊ အလုပ်အကိုင် ဟူသမျှ အောင်မြင်မည်။

.... မကောင်းဆိုးဝါး ဖုတ်, ပြိတ္တာ, တစ္ဆေ, သူရဲ, သဘက် တို့ကို နိုင်မည်၊ ယင်းတို့၏ အန္တရာယ်မှ လွတ်ကင်းမည်။

.... ဤဆေးကို သွားလေရာ၌ ဆောင်သွားပါက လူတကာတို့၏ မြတ်နိုးတနာပြုခြင်းကို ခံရမည်။ လေးစားမှုကို ခံရမည်။

.... စုန်း ပယောဂ ခဲရာခဲဆစ် ဝေဒနာဆိုးများအား ဘုရားဆေးကို ဖြူတ်ကောင်းစေ. တစ်ခြမ်းခန့်

## သိကြားဆေး အညွန်း

.... အမှုအခင်း • တရားဇာပေါင်နှင့် ရင်ဆိုင်ရလျှင် ဖြစ်ဖြစ်၊ မင်းပေါက်စိုးဝင် ရေးကြီး ခွင်ကျယ် ကိစ္စများနှင့် ကြုံတွေ့ရသည်ဖြစ်ဖြစ် ဤဆေးကို ဆောင်သွားပါက အမှုကိစ္စ ဆောင်မြင်မည်။

.... နတ်ဆိုး, ဘီလူးဆိုး, စုန်းဆိုး, ကဝေဆိုး တို့၏ အပြုမျိုး ဟူသမျှ နိုင်မည်။

.... ဘေးဆိုး ဟူသမျှ, ရန်မျိုး ဟူသမျှ, ဥပါဒ်ဆိုး ဟူသမျှကို ဤဆေးက အကာအကွယ်ပေးမည်။

## ဆရာ့ဆေး အညွန်း

.... ၉၆ ပါး ရောဂါဝေဒနာများနှင့် စုန်းမယောဂ လက်ဝဲလမ်း, အပြုမျိုး, အတိုက်မျိုး, အခိုက်မျိုး, သူကြံ, လူကြံ, ရန်အန္တရာယ် ဟူသမျှကို ဤဆေး တစ်လက်တည်းဖြင့် နိုင်နင်းနိုင်သည်။

.... ဆေးသုဦးခနေသူများကိုပင် ဤဆေးကို တိုက်ကျွေးပါက ဆေးဆက်လာမည်၊ ဆေးလိုက်လာမည်။

.... ဆရာများအနေဖြင့် သမားဂုဏ်ရောင် ဂုဏ်သိက္ခာ

## ဆေးသုံးတောင့်လုံး အတွက် အညွှန်းအချုပ်

.... ဥပဒ္ဒဝေဒကာ ကံ ဟူသမျှ အကာအကွယ်ပေးမည်။

.... မကောင်းအနိဋ္ဌ ဘေးဒဏ် ရန်မာန် အပေါင်းကို နိုင်မည်။

.... လူ့ဂုဏ်သိက္ခာ အရှိန်အဝါထင်ပေါ်ကျော်ကြား မည်။

.... လူအများဟို၏လေးစားရာ၊အားကိုးရာဖြစ်မည်။

.... ဤဆေးကို ဆောင်ထားသော အိမ်၌ ခိုးသား ဓားပြ, ရန်သေး ရန်မှားများ ကင်းမည်။

.... မကောင်းသော အတိတ်ဆိုး နိမိတ်ဆိုးတို့ကို မြင်စေကာမူ အကောင်းဖြစ်ရမည်။

.... ကြမ္မာ ဂြိုဟ်ကောင် ဟူသမျှ အလိုအလျောက် ပြေးဆင်းရမည်။

.... ကျက်သရေတိုးမည်၊ စီးပွားတက်မည်။

.... လူတကာ ပူဇော်ခြင်းကို ခံယူရမည်။

ဤအညွှန်းမှာ အချုပ်မျှသာ ဖြစ်သည်။ ဉာဏ်ရှိတိုင်း အမျိုးမျိုးချဲ့ထွင် သုံးစွဲနိုင်သည်၊ တွေ့ကြုံလာသမျှ ဘေးဂါ

— တိုက်တန်လျှင် တိုက်၊ .... အုပ်တန်လျှင် အုပ်၊
— ဆောက်တန်လျှင်ဆောက်၊ .... ပက်တန်လျှင် ပက်
— ဖြန်းတန်လျှင်ဖြန်း၊ .... လိမ်းတန်လျှင် လိမ်း
— သပ်တန်လျှင် သပ်၊ ....ဆောင်တန်လျှင်ဆောင်။
အမျိုးမျိုးအဖုံဖုံ ရှုထွင် သုံးစွဲနိုင်သောဆေး ဖြစ်သည်။

ဆေးသုံးတောင့်လုံးကို ခုနစ်ရက်လျှင်တစ်ကြိမ်၊တစ်ကြိမ်လျှင် ၉ ခေါက် သိဒ္ဓိတင်ဂါထာဖြင့် သိဒ္ဓိတင်ရမည်။

နံ့သာကြုတ်၌ ထည့်သွင်း၍ မြင့်မြတ်သော နေရာ၌ အမြတ်တနိုး ထားရမည်။

ဂုဏ်တော်ကို ပွားများနိုင်လေ သိဒ္ဓိတက်လေဖြစ်သည်ဟု ညွှန်းထားပေသည်။

....ဝ....

## သားဆိုး သမီးဆိုးများကို
## သားကောင်း, သမီးကောင်း
## ဖြစ်လာစေနိုင်သော
## ရှင်သူငယ် ဝါ အစီအရင်
## စီရင်နည်း—စီရင်ဟန်

ရှင်သူငယ်ဝါကို အချို့က 'ရှင်ဝါ'ဟူ၍လည်း ခေါ်ကြသည်။

ယင်းရှင်သူငယ်ဝါကို အစီအရင်ဖြင့် ရိုက်ပြီးလိပ်ပါက

| | | | |
|---|---|---|---|
| ဃ | ဂ | လ | င |
| ပ | ဃ | ၁ | ၉ |
| ၃ | ပ | လ | ၁ |
| ပ | ၈ | ၁ | ၃ |

(၄)

ယင်းအင်းတွင် ‘ဃ, ဂ, လ, င’ အက္ခရာများကို ဖော်ပြထားသည့်အတိုင်း အင်းဆန်အဖြစ် အစဉ်အတိုင်း ရေးသွင်းရမည်။

စိုက်မည့် အိုးတွင် ယင်းအင်းကို အောက်မှခံပြီး စိုက်ပျိုးရမည်၊ စိုက်ပျိုးစဉ် ရေလောင်းရမည်။

ရေလောင်းရင်း အောက်ပါ ဂါထာမန္တန်ကို အနည်းဆုံး ၉ ခေါက် ရွတ်ဆိုရမည်။

## ဂါထာမန္တန်

ရာဟုလော ဗုဒ္ဓ ပုတ္တောပိ၊
သိက္ခ ကာမာန မုတ္တမော၊
ဒါယာဒေါ သဗ္ဗဓမ္မေသု၊

## ၁၁ ညွှန်း

.... အကယ်၍ သားဆိုး၊ သမီးဆိုးများ ပါရှိပါက အထက်ပါ ဂါထာကို ရွတ်စေ၍ နေ့စဉ် ဇေဇ လောင်းခိုင်းရမည်၊ တစ်နေ့တခြား သားကောင်း သမီးကောင်းများ အဖြစ်သို့ ပြောင်းလဲကာ လိမ္မာရေခြား ရှိလာသည်ကို မယုံကြည်နိုင် လောက်အောင် တွေ့ရှိရလိမ့်မည်။

.... ကျရောက်လာမည့် ဘေးဆိုး ရန်ဆိုး အန္တရာယ် ဆိုးများကို အကာအကွယ် ပေးလိမ့်မည်။

.... ရရှိပြီးသော စည်းစိမ်ဥစ္စာကို မပျက်စီးအောင် ထိန်းသိမ်းပေးလိမ့်မည်။

.... သားသမီးများ မရရှိသေးပါက သားလိမ္မာ၊ သမီးလိမ္မာများ ရရှိလာနိုင်ပေသည်။

.... မမျှော်လင့် မထင်ထားသော အမွေအနှစ်များ၊ ပစ္စည်း ဥစ္စာများ ရရှိလာမည်။

သို့သော် စိုက်မျိုးသူ ကိုယ်တိုင်က သီလမြဲအောင်၊ သမာဓိတည်ကြည်အောင် ကြိုးစားဖို့ ဂရုစိုက်ပါ၊ သီလ သမာဓိ မြဲပါက မြသလောက် အထက်ပါ ကောင်းကျိုး သုခများ ရရှိနိုင်ပေသည်။

# ရုပ်တု နှင့် ဂဝံ အစီအရင်ကဏ္ဍ

## ရှင်သီဝလိ အစီအရင်

### စီရင်နည်း စီရင်ဟန်

မြေဖယောင်း ငါးမတ်သားကို ပရိက္ခရာ အစုံအလင်နှင့် တောင်ဝှေး ကိုင်နေဟန် ရှင်သီဝလိ ရုပ်တုတော် ထုလုပ်ရမည်။

ကျီးမနွား ထန်းရွက်မှာဖြစ်စေ၊ သိမ်ဝင် ကြေးပြားမှာ ဖြစ်စေ အောက်ပါ ဂါထာမန္တန်ကို ရေးပြီးလျှင် ဦးခေါင်း တော်၌ ဌာပနာ ရမည်။

### ဂါထာ မန္တန်

ဥုံ သီဝလိ စ မဟာထေရော၊
ဣန္ဒော ဗြဟ္မာ ပူဇိတော လောကေ။
ယေ ယေ ပဿန္တိ မံ ရုမ္မံ၊
တေ တေ ဟောန္တု မနောရမ္မံ
ဓနုပ္ပဒံ ပူဇယန္တိ။

ထို့နောက် ကျိုးမန်ဝါး ထန်းရွက်မှာဖြစ်စေ၊ သိမ်ဝင် ကြေးပြားမှာ ဖြစ်စေ အောက်ပါ ဂါထာ မန္တန်ကိုရေး၍ ဝမ်းဗိုက်တော်၌ ဌာပနာရမည်။

ဂါထာ မန္တန်

ဥုံ ဇယန္တံသာ မဟာံ ဘန္တေ၊
ပုညကာမော ကရောမဟံ။
ရတနံ ဒေဝ ရာဇာ မမံ၊
သော အန္တော အနေကဇာတိ သံသာရေ။
ပုညကာမော ကရောမဟံ။

ပြီးလျှင် ရှင်သီဝလိ ရုပ်တုတော်အား ဆွမ်း၊ ရေချမ်း၊ ပန်းတို့ဖြင့် ပူဇော်၍ အထက်ပါ ဂါထာမန္တန် နှစ်ပုဒ်ကို (၃၃) အုပ်စီ ရွတ်ဆို သရဇ္ဈာယ်ရမည်၊ လိုရာဆုတောင်းရမည်။

အညွန့်း

.... ညဦးတွင် အထက်ပါ ဂါထာမန္တန် နှစ်ပုဒ်ကို ရွတ်ဆိုသရဇ္ဈာယ်၍လိုရာဆုတောင်းပြီး 'ကြွတော်မူပါ ဘုရား' ဟု ပင့်ထားပါက ဆုတောင်းသည့်အတိုင်း အိပ်မက် မြင်မက်လိမ့်မည်။

.... ယင်း ရုပ်တုတော်ကို ဆောင်ထားပါက မျက်နှာပွင့်လန်းမည်၊ လူချစ် လူခင်များမည်၊ လာဘ်

.... ပစ္စည်း ဥစ္စာ တိုးတက်မည်၊ အလုပ်အကိုင် ဖွံ့ဖြိုး အောင်မြင်မည်။

.... စီးပွားရေးနှင့် ဖြစ်ဖြစ်၊ ရာထူးဌာနန္တရနှင့် ဖြစ်ဖြစ် ချီးမြှောက် မစမည့်သူများ ပေါ်ပေါက်လာ မည်။

.... ရန်သူမျိုး ငါးပါးနှင့်လည်း ကင်းဝေးမည်။

....◉....

## ရှင်သီဝလိသုတ်တော် နှင့်

### ဂါထာတော်များ

ဤ 'ရှင်သီဝလိ ရုပ်ပွားတော်' ကို စီရင်ပြီး ဆောင်ထားသူများ အနေဖြင့် အာဂုံကျက်ကာ တတ်အားသမျှ ရွတ်ဖတ်နိုင်ကြစေလိုသော စေတနာဖြင့် အောက်ပါ 'ရှင်သီဝလိ သုတ်တော် နှင့် ဂါထာတော်များ' ကို ဖော်ပြလိုက်ရပေသည်။

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဂိဇ္ဈကူဋေ ပဗ္ဗတေ ဝိဟရတိ၊ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ သီဝလိထေရံ ပရိတ္တံ ဘိက္ခဝေ မဟာ– နုဘာဝေါ အဟောသိ၊ သီဝလိ စ မဟာထေရော ဒေဝတာနရပူဇိတော သော ရဟော ပစ္စယော ဒိန္နံ မဟာလာဘံ ဘဝိဿတိ၊ ဉာတိပိ သော ဘဂဝါ

•

မန္တာ၊ မန္တတေဇေန သုခါဝဟာ၊ ဣတိပိ သော ဘဂဝါ ဝုတ္တာ၊ ဣတိမန္တာ သုခါဝဟာ ဓမ္မဂုဏေန ဇေယျော မန္တာ၊ မန္တတေဇေန သုခါဝဟာ၊ ဣတိပိ သော ဘဂဝါ ဝုတ္တာ၊ ဣတိမန္တာ သုခါဝဟာ သံဃ—ဂုဏေန ဇေယျော မန္တာ၊ မန္တတေဇေန သုခါဝဟာ။

ဣဒမဝေါ စ ဘဂဝါ ဣဒံ ဝတွာန သုဂယော ဘဂဝတော အာသိတံ၊ ဘိက္ခူ အဘိနန္ဒုန္တိ။

ရောဂီလာ ခရလာ ဒုဗ္ဘိလာ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သေယျထိဒံ ပေတကမ္မော အနုတ္တရော ဘုမ္မဒေဝါ ရုက္ခဒေဝါ အာကာသဒေဝါ ဣတ္ထိယော ဝါ ပုရိ—သော ဝါ သဗ္ဗေ မနုဿာနံ ပိယံ ဟောန္တု သဒါ မမ။

အနေကဇာတိ သံသာရံ ပုညံ ကတွာနမာမဟံ နမက္ကာရ နုဘာဝေန ဥပဒ္ဒဝေ အနေကအန္တရာယာပိ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ မမ ပိယံ တံ ပိ ရက္ခန္တု ပဉ္စဗုဒ္ဓံ မဟာတေဇံ နိစ္စံ ဋ္ဌိတံ။

သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ ယောပိ ဣမသော ရူပဿ ဒုလ္လဘာ ပဟာနာယ သုပ္ပဋိပန္နော သုခံဖ နိဗ္ဗာနံ၊ မဏ္ဍကေ ဋ္ဌိတံ ဝေဠုပံ ဒုက္ခံ န ဝိဇ္ဇတိ။

ဇယာ ဇယံ ဇယုဿာဟံ၊
ဇယာဒါနံ ဇယာသန္နော။
ဇယာသနေ ဇယာဝတ္တံ၊
ဇယုတ္တရံ ဇိနံ နမေ။

တိလောကေက တိလောကဂ္ဂံ၊
တိလောကဿတိကံ ဒဒ။
တိကံ မေက ဒုက္ခမုဂ္ဂံ၊
ဒုက္ခိကဿ သုခံ ဒဒ။

သီဝလိ စ မဟာပုညော၊
ဒေဝတာ နရပူဇိတော။
သော ရဟော ပစ္စယောဒိန္နော၊
အဂ္ဂလာဘော လာဘီဿတိ။

လာဘံ ဓမ္မေန လာဘန္တု၊
ဝေရံ ဇယတု သဗ္ဗဒါ။
အာယုဝဿသတံ ဒီဃံ၊
သမတိံသ ဂရုံ ဝရု။

စိရံ တိဋ္ဌတု မေ အာယု၊
လာဘံ ဝဍ္ဍတု မေ သဒါ။
ပိယာ ဟောတု နရာဒေဝါ၊

•

နမောမဟာ မဟာလာဘာ၊
သီဝလိ နာမယန္တသာ။
တေဇေန အာဂစ္ဆန္တု၊
သဗ္ဗမေဝ မဟာလာဘော။

၎င်း 'ရှင်သီဝလိရုပ်ပွားတော်'ကို စီရင်ဆောင်ထားသူများသည် အထက်ပါ'ရှင်သီဝလိသုတ်တော်နှင့်ဂါထာတော်များ' ကို နေ့စဉ် တတ်အားသမျှ ရွတ်ဖတ်သင့်ကြပေသည်။

'ကုသိုလ်လည်းရ–ဝမ်းလည်း ဝ' ဆိုတာလို ဘုရားရှိခိုးရင်းလည်း ရွတ်ဆိုနိုင်ကြသည်။

ယင်းသို့ နေ့စဉ် တတ်အားသမျှ တတ်နိုင်သမျှ ရွတ်ဆိုပါ၊ အညွှန်းတွင် ဖော်ပြထားသော စွမ်းအင်သတ္တိမှာ ပို၍လည်း အစွမ်းထက်မြက်လာမည်၊ အညွှန်းတွင် ဖော်ပြထားသည်ထက် ပို၍လည်း အောင်မြင်လာနိုင်ပေသည်။

—o—

## ကိုယ်ပျောက်ဂဝံ အစီအရင်

### စီရင်နည်း စီရင်ဟန်

ဥနဲ့ကြီးပေါင်းကို ဂဝံမျက်နှာဖုံး ထူ၍ မျက်မမြင် ဆံပင်ကို ဦးရစ်ပြုပါ၊ သူရူးဆံပင်ကို ခါးစည်းပြုပါ၊ ထို့နောက် ရွှေကြုတ်၌ ထည့်သွင်း၍ သစ်ပင်ရင်း၌ ထားရမည်။

ရက်လည်သောအခါ နွားကိုစီး၍ဝင်ရမည်၊ နွား မဝင်လျှင် မယူနိုင်ဦး၊ နွားဝင်နိုင်မှ ယူရမည်။

ထို့နောက် နုတ်ရဲသော သစ်ပင်မှာ အောက်ပါ ဂါထာမန္တန်ဖြင့် (၁၈၀၀)အုပ် ရုတ်ရမည်။

ဂါထာမန္တန်

ဥုံ သုံတရိမှိုင်း ဟရိဝါမှိုင်းမှိုင်း ကွယ်လည်းမှိုင်း၊ ထိုင်းလည်းဆရာ ထိုင်း။

အညွှန်း

.... အသုံးပြုလိုသောအခါ ယင်းကြုတ်ကို ပါးစပ်ထဲ၌ ငုံ၍သွားပါ။

.... မိမိနှင့်အတူပါလာသော အဖော်ကပင် မိမိ ကိုယ်ကို မမြင်နိုင်ပြီ။

.... ကိုယ်ပျောက်ကောင်းလှ၏။

ဤ ဂဝံအစီအရင်မှာ ကိုယ်ပျောက် အစီအရင်သက်သက်ဖြစ်သည်ကို သတိပြု၍ ကိုယ်ပျောက်နှင့်ဆိုင်ရာမှန်သမျှ ညက်ရှိတိုင်း ၌သာ အသုံးပြုနိုင်ကြပေသည်။

## နန္ဒင်းဥဂဝံ အစီအရင်

### စီရင်နည်း စီရင်ဟန်

အထက်သို့မြှောက်ပါ၊ ထိုအခါ
နန္ဒင်းဥကို ထက်ခြမ်းခွဲ မှောက်လျက်
ပက်လက် ကျသော အခြမ်းကို မိန်းမရုပ်ထု၍
ကျသော အခြမ်းကို ယောကျ်ားရုပ် ထုလုပ်ရမည်။
ယောကျ်ားရုပ်၌ ယောကျ်ား၏နံ့ထည့်၍ မိန်းမရုပ်၌ မိမိ
လိုသော မိန်းမ၏နံ့ကို ထည့်ပြီးလျှင် ရင်ချမ်း အပ်အောင်
ချည် ရစ်, သစ်းစေးသားရှိုးသုတ်၊ ရွှေချရမည်။
ထို့နောက် အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇)အုပ်
စုတ်ရမည်။

### ဂါထာမန္တန်

ဥုံ ဖွာဖွာ နှိမ်နှိမ် စိန္တမတ္တံ ပိယံ ပိယံ ဇဟိ ဇဟိ
ကပ်ဆရာ ကပ်။

### အညွန်း

.... မိမိ အလိုရှိသော မိန်းမ၏ လေညာမှနေ၍ ရင်း
နန္ဒင်းဥ ဂဝံရုပ်ကို ဆောင်ပြီးလျှင်—
ဥုံ တပြုန်းပြုန်း တပြဲပြဲ ဖြနိုင်အညီငှာ
မနေသာ—ဆရာ ငါသို့ ကပ်ဆရာကပ်။
ဟူသော ဂါထာမန္တန်ကိုတတ်နိုင်သမျှ တိုးတိုး
ရွတ်၍ နှိုးပြီးမှ လိုရာစကားကို ပြောပါ။

– ပြောသမျှ အောင်မြင်မည်၊ မိမိအလိုသို့ ပါမည်။

သို့သော် သစ္စာရှိပါစေ၊ သူများ သားမယားကိုလည်း အထူး ရှောင်ကြဉ်ပါလေ။

....၀....

**ဆေးရိုး ဂဝံ အစီအရင်**

စီရင်နည်း စီရင်ဟန်

၁။ မင်းပေါင်း
၂။ ပန်းပေါင်း
၃။ ဂမုန်းပေါင်း

ဤဆေး (၃)ပါးကို အမျှစု၍ ညက်စွာကြိတ်ပါ၊ ထို့နောက် အကျမ်းလှော်ပြီးလျှင် ပြာကို သစ်စေးနှင့် ညက်စွာ တေပါ၊ ပြီးလျှင် ယင်းဆေးကို ဂဝံရုပ် ထုလုပ်ရမည်။

ဂဝံရုပ်၏ပုံသဏ္ဍာန်မှာ လက်နှစ်ဖက်, ဝမ်းဗိုက်, မျက်နှာဖုံး, နှာပိတ်, စအိုပိတ်, နှာပိဟန် ပုံသဏ္ဍာန်မျိုးဖြစ်ရမည်။

ယင်းပုံသဏ္ဍာန် ဂဝံရုပ် ထုလုပ်ပြီးလျှင် ဘုရားရှေ့တွင် အောက်ပါ ဂါထာမန္တန်ဖြင့် (၁၀၀၀)အုပ် စုတ်ရမည်။

**ဂါထာမန္တန်**

ဩြောင်း သုဂတော ဒေဝဂဝံပတိ အာကာသ— ဒေဝါနံ ဂူဿရော ဂူဠ္ဌန္တော၊ လောကတော ဆာယာ

ယင်းသို့ ဂါထာမန္တန် စုတ်ပြီးနောက် ယင်း'ဆေးရိုးဂဝံ' ကို ရိုသေစွာ ထားရမည်။

**အညွှန်း**

- ယင်း 'ဆေးရိုးဂဝံ'ကို လက်ဝဲဖက် အံမှာ ငုံ၍ ဆောင်သော် အဟာန့်တွင် အကျိုးကြီး၏။ အရေး တစ်စုံ ကိုယ်၌ကြုံ၍ အန္တရာယ်များသောအခါ၌ အသုံးပြုနိုင်သည်။
- လက်ယာဖက်လက်တွင် ဆုပ်၍ဆောင်သော် မိမိ အား အမျက်ဒေါသ ထွက်သူပင် ဖြစ်စေကာမူ မိမိ၏မျက်နှာကို မြင်လိုက်ရုံဖြင့် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်လာမည်၊ အမျက်ဒေါသ ပြေပျောက်မည်။
- သျှောင်မှာထည့်၍ဆောင်သော် ရာဇသျှိ-ဋ္ဌသျှိ-သဗ္ဗသျှိ၌ မယုံနိုင်လောက်အောင် ထူးထူး ခြားခြားအကျိုးအာနိသင်များမည်ကို တွေ့ရလိမ့် မည်။

ယင်း'ဆေးရိုးဂဝံကို' ယောကျ်ား, မိန်းမ မည်သူမဆို ဆောင်နိုင်သည်။

# ဂါထာမန္တန် အစီအရင်ကဏ္ဍ

## ညောင် ရမ်း မင်း တ ရား ကြီး အား

## မင်းအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့သော

## အောင်ခြင်းရှစ်ပါး အချုပ်မန္တန်

ဘုရင့်နောင်ခေါ် ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး သည် အမျိုးသား ညီညွတ်ရေး အစိတ်စိတ်အမွှာမွှာ ကွဲပြား နေသော မြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာ ပြန်လည် စည်းရုံးတော်မူကာ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သည်။

ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး၏ဟံသာဝတီ(ပဲခူး) နေပြည်တော်ကြီးမှာလည်း ထိုစဉ်က ကြက်ပျံမကျ စည်ကား ခဲ့သည်၊ ခမ်းနား ကြီးကျယ်ခဲ့သည်။

ယင်းသို့ ခမ်းနား ကြီးကျယ်ကြောင်းကို သူစံမြန်းတော် မူခဲ့သော ကမ္ဘောဇသာဒီ နန်းတော်ကြီး က သာဓကမူ လျက်ရှိသည်။ ထက်ကောင်းကင်မှ ဖြာဆင်းလာသော နေရောင်ခြည်အောက်တွင် ရွှေရောင်တဝင်းဝင်းနှင့် ကြီးကျယ်

ခမ်းနား ဆန်းပြား လှပတင့်တယ်လှသော ကမ္ဘောဇသာဒိ နန်းတော်ကြီးကို ထိုအချိန်က မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသော အနောက်နိုင်ငံသားများ ခရီးသွား မှတ်တမ်းများ၌ အသေးစိတ်ရေးသားဖော်ပြကာ တအံ့တသြချီးကျူးခဲ့ကြရပေသည်။

[မှတ်ချက်—ယင်း ကမ္ဘောဇသာဒိ နန်းတော်ရာကုန်းကို နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် ယခုအခါပြန်လည်တူးဖော်နေပြီဖြစ်သည်။]

သို့သော် မြန်မာသက္ကရာဇ် ၉၅၉ခုနှစ်တွင် တောင်ငူမင်းနှင့် ရခိုင်မင်းတို့ ပူးပေါင်းလုပ်ကြံသောကြောင့် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးတည်ဆောက်တော်မူခဲ့သော ဟံသာဝတီပြည်ကြီး ပျက်စီးခဲ့ရသည်။

ထိုအချိန်၌ ဗားမဲ့ဆရာတော်မှာလည်း ဟံသာဝတီငါးဆူဒါယကာမင်းက အလိုမကျသဖြင့် ညောင်ရမ်းမြို့သို့ အပို့ခံထားရသောကြောင့် ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်ခေါ် မောင်သစ္စာကကိုးကွယ်ဆည်းကပ်မှုကိုခံယူနေရချိန်ဖြစ်သည်။

ဗားမဲ့ဆရာတော်သည် မောင်သစ္စာအား အောက်ပါ 'အောင်ခြင်းရှစ်ပါး အချုပ်မန္တန်' ကို ရွတ်ဖတ်သရဇ္ဈာယ်ရန် စီရင် ပေးသနားတော်မခဲ့သည်။

(၁) မာရံ ယက္ခံ ဂဇံ ဇဝရံ၊
စိဋ္ဌမာနုဋ္ဌ သတ္တကံ။
နာဂံ ဗကံ ဇိနိ ဇိနော၊
ဗောတု မေ ဇယမင်္ဂလံ။

(၂) မာရံ အာဠာဝကံ ဟတ္ထိံ၊
အင်္ဂုလိမာလ စိဋ္ဌမာ။
ကုဍန္တံ နာဂရာဇဋ္ဌ၊
ဗကံ အဇိနိ တေဇသာ။

ယောဇိနော၊ အကြင် ငါးမာရ်ပယ်ဘိ ဂုဏ်သတ္တိကြောင့် ဇိနအမည် ရွှေဘွဲ့တော် ရှိအပ်သော မြတ်စွာဘုရားသည်။

(၁) မာရံ၊ ယူဇနာ ၁၅၀ အံ့ဖွယ်ကြီးဘိ ဂိရိ မေခလာ မည်သာတွင်ခြင်း နတ်ဆင်မြင်း ထက် စီးနင်းဘက်၍ ကြောက်မက်ဖွယ်သာ စစ်ဗိုလ်ပါနှင့် ဝဲယာ စီယှက် လက်ရုံး ဘစ် ဆောင် ဖန်ဆင်းဆောင်၍ နိုင်ယောင်စစ်ထိုး ကျော်လွှဲဟိုးသား တန်ခိုးတောက်ပ တေဇ ထန်ပြင်း မာရ်နတ်မင်းကို လည်းကောင်း။

(၂) ယက္ခံ၊ စွယ်ရှည်ငေါငေါ မြင်သူမောမျှ နက် ကျောနိုကျင် မွေးမှင်မုတ်ဆိတ် ဖွားရမြိတ် သား လန့်ထိတ်ဖွယ်သာ ကြီးရောနှင့် သချာ

အောင် များစွာ လူသား နေ့တိုင်းစားသည် စွမ်းအားကြီးလှ အာဋ္ဌာဝကတွင်ခြင်း ဘီလူး မင်းကို လည်းကောင်း။

(၃) ဂဇံ၊ ဆယ့်ခြောက်မောင်းအိုး ဖြိုးဖြိုးပြည့်နှက် သောအရက်ကို တိုက်လျက်ထန်ပြင်း နှင်းစိမ့် ရည်မှုတ် ဒေဝဒတ်တို့ တိုက်လွှတ်သောအား ဘုရားမြတ်စွာ ဆွမ်းခံရာ၌ ပက်ပါဦးတည် စူးစူးရည်၍ သတ်မည်ကေန် အမြန်ပြေးလာ သံကြိုးလျှာနှင့် နာဠာဂီရိ မည်ရှိခေါ်တွင် မင်းစီး ဆင်ကို လည်းကောင်း။

(၄) စောရုံ၊ သုံးယူဇနာ ရှည်စွာချင့်မှန်း ခရီး လမ်းကို မပန်း မဟိုက် မရှိုက် လျင်ပြင်း တဟုန်ခြင်းဖြင့် ပြေးနှင်းစွမ်းနိုင် ပိုင်သူ ဘက်ရှား လူအများကို လုံ့ခေါးစွဲကာ ဖမ်း သတ်ခါလျှင် ယူကာလက်ညှိုး ကြိုးဖြင့်သီရီး ပန်းကုံးအသွင် လည်ဝယ်ဆင်သောကြောင့် အင်္ဂုလိမာလ မည်ရ တွင်ပြီး ခိုးသူကြီးကို လည်းကောင်း။

(၅) စိဉ္စမာနဉ္စ၊ ပရိသတ်အား မြတ်ဘုရားလျှင် တရားဟောကာ နေစဉ်ခါ၌ သေချာပြေပြစ် ပတ်ရစ်ဖွဲ့နှောင် ကိုယ်ဝန်ဆောင်၍ ဘန်း

ဘယ့်ကြောင့်သာလျှင် အိမ်ရာမပြင် သူတော်စင်တို့ မမြင်သောထွေ ကုန်ခြွေနှင့် နေသနည်းဟု အမှုဖွေရှာ စွပ်စွဲလာသော စိဥ္စမာမည် ထုတ် မိန်းမယုတ်ကို လည်းကောင်း။

(၆) သစ္စကံ၊ ဝါဒတစ်ထောင် အာဂုံဆောင်၍ ဂုဏ်ထောင်လွှားပ မိုက်မာနကြောင့် အနိစ္စ၊ အနတ္တ၊ သင်္ခါရကို နိစ္စနတ္တာ ထင်၍သာလျှင် မြတ်စွာရှင်စော တရားဟောလည်း သဘောမကျ မှားလေစွဟု ရှုတ်ချခါသာ ဖြစ်တင်လာသော မိစ္ဆာ ယူကြိုက် ပရိဗိုဇ် သစ္စကကုဋ္ဌန္တကို လည်းကောင်း။

(၇) နာဂံ၊ လေးသျှရောင်စုံ တောင်မြင်းမိုရ်ကို ကိုယ်ဖြင့် ခုနစ်ထပ် ရစ်ပတ်ကာလွှမ်း တတ်နိုင်စွမ်းသား ကြမ်းတမ်း ခက်ထန် မျက်စောင်း မာန်နှင့် ပထမံအာလိန္ဒ နေသမျှ တစ်လွှား နတ် နဂါးကို ပိုင်ကား စိုးရ တန်ခိုးပသည် ပနန္ဒတွင်ခြင်း နဂါးမင်းကို လည်းကောင်း။

(၈) ဗကံ၊ သဿတဒိဋ္ဌိ များဘိအယူ မိစ္ဆာဟူကား ဘုဇဂါမြေ တိုက်လေတုံလတ် အာဘဿရာ ဗြဟ္မာ့ရွာ၌ ဗြဟ္မာခပင်း တုံ့ဝပ်ခြင်းနှင့် ကြီးမင်းတေဇ တန်ခိုးပသား ဗကမည်သာ [illegible]ကို လည်းကောင်း။

အဇိနိ၊ တန်ခိုးဉာဏ်ရှိန် ဝရဇိန်မြတ် အတုလွတ်ဖြင့် မချွတ် အောင်တော်မူလေပြီ။ တံ တေဇသာ၊ ထိုသို့ အောင်ခြင်း တရားမင်း၏ ထွန်းလင်း တေဇော် အာနုဘော်ဖြင့်။ မေ၊ အကျွန်ုပ်အား။ ဇယျမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာန်ခပင်း စိုးရိမ်ခြင်းကို နှိမ်နင်းအောင်လတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ယောဇိနေ၊ အကြင် ငါးမာန်ပယ်ဘို ဂုဏ်သတ္တိကြောင့် ဇိနအမည် ရွှေဘွဲ့တော် ချီအပ်သော မြတ်စွာဘုရားသည်။

(၁) မာရံ၊ လက်ရုံးတစ်ထောင် ရွှေများဆောင် လျက် များမြောင်သချာ စစ်ဗိုလ်ပါနှင့် ရောက်လာတုံငြား တစ်ရန် မှတ်လောက်တဲ့ မာန်နတ်သားကို လည်းကောင်း။

(၂) အာဠဝကံ၊ ကြမ်းတမ်းခက်မာ မိစ္ဆာယူချွတ် နတ် အာဠဝက မည်ရဆန်းထူး မပြတ်မူး တဲ့ ရူးတဲ့ နတ်ဘီလူးကို လည်းကောင်း။

(၃) ဟတ္ထိ၊ အမုန်ယစ်ခြင်း ပြင်းသည်မျက်မာန် ထန်သည်ဒေါသ စဏ္ဍဟတ္ထာ နာဠာဂီရိ မည်ရှိ တွင်ပြီး အမြင်မှောင်တဲ့ ဆင်ပြောင်ကြီးကို လည်းကောင်း။

(၄) အင်္ဂုလိမာလဥ္စ၊ လက်ညှိုးတစ်ထောင် ဆောင် တုံ ကိုယ်တွင် ပန်းကုံးသွင်သို အင်္ဂုလိမာလ

မည်ရတွင်ပြီး တဆိုတည်းဆိုးတဲ့ ခိုးသူကြီး
ကို လည်းကောင်း။

(၅) စိဠမာ၊ ငွတ်ဒရွတ်ဘဲ အလွတ် ကြံသည်ဟု
စွပ်စွဲရန်ရှာ ယုတ်မာကျစ်လစ် အပလိန်းအစစ်
တည်းဟူသော မိန်းမညစ်ကိုလည်းကောင်း။

(၆) ကုဠန္တံ၊ ဝါဒတစ်ထောင် အာဂုံဆောင်၍
ဂုဏ်ရောင်လွှားပ မိုက်မာနကြောင့် အနိစ္စ,
အနတ္တ, သခ်ါရကို နိစ္စ အတ္တာ ထင်၍သာ
လျှင် မြတ်စွာရှင်စော တရားဟောလည်း
သဘောမကျ မှားလေစွဟု ရွတ်ချခါခါ ပြစ်
တင်လာသော မိစ္ဆာယူကြိုက် ပရိဗိုဇ်သစ္စက
တစ်မှုဖန်တဲ့ ကုဠန္တကိုလည်းကောင်း။

(၇) နာဂရာနဠ၊ နန္ဒောပနန္ဒ မည်ရကျော်မှန်
ပြင်းထန် ဆိပ်တောက် အံ့လောက်မာန်ပြင်း
ကုလားသနင်း ကဲ့သို့သော နဂါးမင်းကို
လည်းကောင်း။

(၈) ဗကံ၊ ငါ့အယူသာ မှန်လှစွာဟု မိစ္ဆာဝါဒ
ခက်ခဲလှသော ဗက မည်ရင်း တစွာစွာ
တင်းကြတဲ့ ဗြဟ္မာမင်းကို လည်းကောင်း။

အဇီနိ၊ တန်ခိုးတော်မြတ် အတုလွတ် မချွတ် အောင်တော်
မူလေပြီ။ တံ တေဇသာ၊ ထိုသို့အောင်ခြင်း တရားမင်း၏
ဌန်ပြင်းတေဇော် တန်ခိုးတော်ကြောင့်။ မေ၊ တပည့်တော်
တပည့်မအား။ ဇေယျမင်္ဂလံ၊ တန်ဆောင်နဝင်း အောင်

ကြွင်းနှင့်အောင်ခြင်း မင်္ဂလာသည်။ ဘဝတို၊ တကယ်စင်စစ်
ဘယ်တွင်မှ မလစ်မူ၍ ဖြစ်ပါစေသတည်း။

ညောင်ရမ်းမင်းသား မောင်သစ္စာသည် ဗားမဲ့ဆရာတော်
စီရင်ပေးသနားတော်မူသော ဤမန္တန် နှစ်ဂါထာကို နေ့စဉ်
ရွတ်ဖတ်သရဇ္ဈာယ်ရာ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် မင်းအဖြစ်
သို့ ရောက်ရှိကာ အင်းဝပြည်ကြီးကို အသစ်တဖန် တည်
ထောင်နိုင်ခဲ့သည်။ 'ညောင်ရမ်းမင်းတရားကြီး' ဟူသော
အမည်ဖြင့်လည်း မြန်မာရာဇဝင်၌ ထင်ရှားခဲ့သည်။

ညောင်ရမ်းမင်းတရားကြီးမှာ ဟံသာဝတီ ဆင်ဖြူရှင်
မင်းတရားကြီး၏ သားတော်အငယ်ဖြစ်သည်။

ခမည်းတော် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးသည်
ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်တော်မူနိုင်
သကဲ့သို့ ညောင်ရမ်းမင်းတရားကြီးသည်လည်း အထက်ပါ
'အောင်ခြင်းရှစ်ပါး အချုပ်မန္တန်' ကြောင့် ဒုတိယ အင်းဝ
ခေတ်ခေါ် ညောင်ရမ်းခေတ်–ညောင်ရမ်း မင်းဆက်ကို
စတင်တည်ဆောင်တော်မူနိုင်ခဲ့သည်။

အထက်ပါ မန္တန် နှစ်ဂါထာမှာလည်း အောင်ခြင်း
ရှစ်ပါးအချုပ် ဂါထာဖြစ်၍ လောကီ အစီအရင်များ၌
ဉာဏ်ရှိတိုင်း ချဲ့ထွင်အသုံးချနိုင်သော မန္တန်များဖြစ်သည်ဟု
ရှေးဆရာကြီးများက ညွှန်းဆိုခဲ့ကြသည်။

ကွယ်လွန်သွားသူနှင့် တွေ့မြင်
စကားပြောဆိုနိုင်သော
**ဆီမန်းဂါထာ အစီအရင်**
စီရင်နည်း စီရင်ဟန်

နှမ်းဆီကို အောက်ပါ ဂါထာမန္တန်ဖြင့် (၃၇)'အုပ်
ရွတ်ရမည်။

ဥုံ အာသာသေ အာကာသေ၊
ဒေဝဟာ ဒေဝတာ
ငါသာ တတ်သည်၊
ငါ အတတ်မဟုတ် — ငါ့ဆရာသင် ညောင်
ဘီလူးမင်း အဘတ်ပေ၊
ပြပေဆရာ ပြပေ၊ မြင်စေဆရာ မြင်စေ။

အညွှန်း

.... ယင်းဆီမန်းကို မျက်စိ၌ ကွင်း၍ ဘုရားရှိခိုးပါ၊
ပြီးလျှင် မျက်စိမှိတ်၍ ကြည့်ပါ။

.... မိမိ တွေ့မြင်လိုသော ကွယ်လွန်သူကို တွေ့မြင်ရ
လိမ့်မည်၊ တွေ့မြင်ရသောအခါ မိမိ သိရှိလိုသမျှ
အကြောင်းအရာများကို မေးမြန်းပါ၊ မေးသမျှ
ပြန်ပြောပြလိမ့်မည်။

ထိုသို့သော ဤဆီမန်းနှင့် လိပ်ပြာ ငယ်တတ်သူများကို မကြည့်ပါစေနှင့်၊ အန္တရာယ်ရှိကြောင်း သတိပြုအပ်ရမည်။

....o....

လက်ညှိုးထိုး ပ်ယာဂါထာမန္တန်

စီရင်နည်း စီရင်ဟန်

မိမိ အလိုရှိသော မိန်းမကို သူမ မမြင်ကွယ်ရာဖြစ်သော နေရာမှနေ၍ မျက်နှာကို လက်ညှိုးဖြင့် ထိုးပြီးလျှင် သူမ၏ မျက်နှာအားစိန်းစိန်းကြည့်လျက် အောက်ပါဂါထာမန္တန်ကို (၇)အုပ် ရွတ်ရမည်။

ဂါထာမန္တန်

ဥုံ ဝစေ အန္တော ရကွောစေဝ၊
နေမင်းကား အဘ၊ လမင်းကား အမိ၊
ဟဲ့ဋ္ဌတ္တိယ၊ ငါ့မျက်နှာမြင်–သင် ဦးနှိမ်ချ။
နဘယ်–ဘေးမရှိ။

အညွှန်း

.... ယင်းကဲ့သို့ သုံးကြိမ် လုပ်ပြီးသောအခါ၌ အဆိုပါမိန်းမနှင့် ကိုယ်လိုရာစကား ပြောဆိုပါလေ။
.... ပြောသမျှ အောင်မြင်မည်။
.... ကိုယ့်အလိုသို့ ပါမည်။

သို့သော် သစ္စာရှိရမည်၊ သူများ သားမယားကိုလည်း ရှောင်ရမည်။

....o....

**ပီယဆေးလိပ်မန်းအစီအရင်**
**စီရင်နည်း စီရင်ဟန်**

ဆေးလိပ် သုံးလိပ်ကို နတ်စင်မှာတင်ပြီးလျှင် အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ် စုတ်ရမည်။

**ဂါထာမန္တန်**

ဉုံ အထက်သိကြား–အောက်နဂါး၊
ခြောင်း....ဗုဒ္ဓရက္ခိတ၊
ကြိမ်သို့နှလုံး၊ ကြိုးသို့ထုံး
သွားဟုံ....သွားဟ။

**အညွှန်း**

– ယင်းသို့ မန်းပြီးလျှင် ဆေးလိပ် တစ်လိပ်ကို မိမိ အလိုရှိသော မိန်းမအား ပေးပါ၊ ဆေးလိပ်ကို ကိုင်၍ နမ်းမိလျှင်ပင် ဣန္ဒြေပျက်လာသည်ကို တွေ့ ရှိရမည်။
– သူမသည် ယင်းဆေးလိပ်ကို သောက်မိလျှင်ကား မိမိအား ဘယ်တော့မှ အချစ် မပြယ်တော့ပြီဟု မှတ်။

-- အကယ်၍ သူမအား ဆေးလိပ်ကို ပေးရန် အခွင့် မသာလျှင် မိမိကိုယ်တိုင် ယင်းဆေးလိပ်ကို သောက်ပြီးလျှင် လေညာမှ နေ၍ အငွေ့ကို သူမထံရောက်အောင် လွှတ်ပေးပါ။

– ဆေးငွေ့သင့်၍ ရှူရှိုက်မိလျှင် သန်းဝေလာသည်ကို တွေ့ရမည်၊ ဆေးမှိုင်းမိသလို ဖြစ်နေလိမ့်မည်။

– ထိုအခါ မိမိ၏ လိုအင်ဆန္ဒ ပြည့်စုံပြီဖြစ်သည်။

သို့သော် သစ္စာရှိဖို့တော့ သတိပြုပါလေ၊ ကာမေသု မိစ္ဆာစာရကိုလည်း ရှောင်ကြဉ်ပါလေ။

....o....

**သဗ္ဗသို့ ကွမ်းယာမန်း ဂါထာ မန္တန်**

**စီရင်နည်း စီရင်ဟန်**

ကွမ်းရွက်တွင် လိုသူ၏နံကိုရေး၍ အောက်ပါ ဂါထာ မန္တန်ဖြင့် (၇) အုပ် စုတ်ရမည်။

**ဂါထာမန္တန်**

ဥုံ ပိတ္တာ သွာဟဲယျ၊
ဥုံ ပိတ္တာ ဂရုကာ သွာဟဲယျ၊
ဥုံ နရော နရောနံ သွာဟဲယျ။

**အညွှန်း။**

– ယင်းသို့ မန်းပြီးမှ ထိုကွမ်းကို စားပါ၊ မျက်နှာမဲ့သူပင်ဖြစ်သော်လည်း အထွတ်အထိပ်အထိ အကျိုးပေးနိုင်သည်။

– ကျွန်ပင် ဖြစ်သော်လည်း အထွတ်အထိပ် အထိ အကျိုးပေးနိုင်၏။

– သဗ္ဗညု ကွမ်းယာမန်း ဖြစ်သော်လည်း အထူးသဖြင့် ပီယသို့၌ ပို၍ တက်မြက်သည်။

သို့သော် မိမိ အထွတ်အထိပ်သို့ ရောက်သော အခါ၌ 'ဘဝကို မမေ့ဖို့'တော့ ဂရုပြုပါ၊ 'ဘဝ မမေ့ဖို့' ဆိုသည်မှာ မိမိအောက် နိမ့်ကျသူများအား နိုင်ထက်စီးနင်း ပြုမူခြင်း ဆက်ဆံခြင်း မပြုမိရန်ကို ဆိုလိုသည်။

....ဝ....

**ခွေးမဟောင်နိုင်သော ဂါထာမန္တန်**

စီရင်နည်း စီရင်ဟန်

လက်လေးသစ်မျှရှိသော တုတ်ချောင်းတစ်ခုကိုပြုလုပ်ပြီး အောက်ပါ ဂါထာ မန္တန်ဖြင့် အသက်အောင့်၍ (၇)ချပ်စုတ်ရမည်။

ဂါထာမန္တန်

ဥုံ စိတ္တံ ပန္နမဟိတ်။

အညွန်း

.... အသုံးပြုလိုသော အခါ ယင်းတုတ်ကို ခါးမှာ ညှပ်၍ သွားပါ၊ မည်မျှပင် ဆိုးသွမ်းသော ခွေး ဖြစ်စေကာမူလည်း ယင်းခွေးသည် ကိုက်ချန်မဆို ထားဘိ ဟောင်ပင် မဟောင်နိုင်ပြီ။

.... သို့သော် ဤနည်းမှာတစ်ပွဲတိုးနည်းဖြစ်သောကြောင့် တစ်အိမ်သို့ရောက်၍ အသုံးပြုလိုပါက ယင်းတုတ် ကို အထက်ပါအတိုင်း ထပ်မံမန်းပြီးမှ သွားပါ။

.... အဟန့်ကောင်းလှသော တစ်ပွဲတိုးနည်းဖြစ်သည်။

'တစ်ပွဲတိုးနည်း' ဖြစ်သည့်အတိုင်း အရေးကိစ္စရှိမှ အသုံး ပြုပါ၊ 'ဂါထာပေး—တေးဖြစ်' ဆိုသကဲ့သို့ လူတိုင်းကိုလည်း ဤနည်းကို မပေးပါနှင့်။

တစ်ပွဲတိုးနည်းဖြစ်သော်လည်း မိမိဉာဏ်ရှိသမျှ ချဲ့ထွင် အသုံးပြုနိုင်သော နည်းဖြစ်သည်။

....၀....

## ဇုတ္တိသျှုံ အိမ်တက်ဂါထာမန္တန်

### စီရင်နည်း စီရင်ဟန်

### ဂါထာ

ဥုံ ဇုရစ စေတသော ဒင်္ဂကျုံ့ဟိ ထာမသာ ပီယံမှိုင်းမှိုင်း။

### အညွှန်း

.... မိမိ အလိုရှိသော မိန်းမအိမ်သို့ သွားသောအခါ ယင်း ဂါထာမန္တန်ကို အသက်အောင့်၍ (၃) ခေါက် ရွတ်ရမည်။

.... ထို့နောက် အသက်အောင့်၍ လှေကားဦးကို ဖနောင့်နှင့် (၃) ခါတို့ပြီးမှ အိမ်ပေါ်သို့ တက်ပါ။

.... ထို့နောက် မိမိ လိုရာ စကားကို ပြောနိုင်ပါပြီ၊ ပြောသမျှ အောင်မြင်ပါလိမ့်မည်။

သို့သော် သစ္စာရှိဖို့တော့ သတိပြုပါလေ၊ တစ်ဖက်သား မနစ်နာပါစေနှင့်၊ မေတ္တာစစ် မေတ္တာမှန်ဖြင့်ပြုလုပ်စီရင်ပါ။

....၀....

**အပင်းကျ ရေမန်း ဆီမန်း ဂါထာ**
စီရင်နည်း စီရင်ဟန်

ရေကိုဖြစ်စေ, ဆီကိုဖြစ်စေ သင့်လျော်ရာ တစ်မျိုးမျိုးကို အောက်ပါ ဂါထာမန္တန်ဖြင့် (၇)အုပ် မန်းရမည်။

ဂါထာမန္တန်

ဥုံ ကြာတြာ ကြာတြီ နတ္တိ မရှိ သွားဟာ၊ ဥုံ မာတြာ မာတြီ နတ္တိ မရှိ သွားဟာ။ သဗ္ဗဇေယျ သဗ္ဗဇေယျံ၊ ပြိစ္စ နိစ္စ ငယေ၀ သွားဟာ။

**အညွန်း**

.... ယင်း ရေမန်း, သို့မဟုတ် ဆီမန်းကို လိမ်းလည်း လိမ်းပါ၊ သပ်လည်း သပ်ချပါ၊ သောက်လည်း သောက်ပါ။

.... အရိုးပင်း, အသားပင်း, အလုံးပင်း, သွေးပင်း, လေပင်း အပင်းဟူသမျှ ပျောက်ကင်း၏။

ဤအစီအရင်မှာ ပယောဂ အစီအရင် သက်သက်ဖြစ်သည်၊ ထို့ကြောင့် ပယောဂနှင့် ပတ်သက်သမျှ ညာဏ်ရှိတိုင်း ချဲ့ထွင် သုံးစွဲနိုင်ပေသည်။

**ဗားမဲ့ ဗားတမော့ လက်တွေ့ အစီအရင်ကျမ်း**
**မထမတွဲ–ပြီးပြီ။**